ကချင်ပြည်နယ်၊

ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိ

(KWM-109) လုပ်ကွက်တွင်

ရှေ့သတ္တုအသေးစားသက်တမ်းတိုး ထုတ်လုပ်ခွင့်

လျှောက်ထားသည့် ရှေ့စွန်သိုက် ကုမ္ပဏီလီမိတက်၏

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(Environmental Management Plan)

ကချင်ပြည်နယ်၊

ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိ

(KWM-109) လုပ်ကွက်တွင်

ရွှေသတ္တုအသေးစားသက်တမ်းတိုး ထုတ်လုပ်ခွင့်လျှောက်ထားသည့်

ရွှေစန်သိုက် ကုမ္ပဏီလီမိတက်၏

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(Environmental Management Plan)

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ရည်ရွယ်ချက်	၁
၃။	အကျဉ်းချုပ်အစီရင်ခံစာ	၂-၃-၄
၄။	စီမံကိန်းအကြောင်းအရာဖော်ပြချက်	၄-၅-၆-၇-၈-၉-၁၀-၁၁
၅။	မြေပုံနှင့်ကားချပ်များ	၁၁
၆။	ကတိကဝတ်	၁၂
၇။	မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ	၁၂-၁၃-၁၄-၁၅-၁၆
၈။	လက်ရှိပတ်ဝန်းကျင်အခြေအနေ	၁၆-၁၇-၁၈
၉။	ထိခိုက်မှုများ လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ	၁၈-၁၉-၂၀-၂၁
၁၀။	ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်	၂၂-၂၃-၂၄
၁၁။	အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း	၂၄-၂၅
၁၂။	စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရံပုံငွေလျာထားချက်	၂၅-၂၆
၁၃။	အဖွဲ့အစည်းနှင့် ရန်ပုံငွေလျာထားချက်	၂၆
၁၄။	Corporate Social Responsibility (CSR)	၂၆-၂၇
၁၅။	လုပ်ငန်းရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းကာလလုပ်ငန်းအဆင့်ဆင့်	၂၈-၂၉-၃၀
၁၆။	နိဂုံး	၃၀-၃၁

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်း ရွှေသတ္တုအသေးစားလုပ်ကွက် (KWM-109)သက်တမ်းတိုးတူးဖော်ထုတ်လုပ်ခွင့် လျှောက်ထားသည့် ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်

(Environmental Management Plan-EMP)

၁။ နိဒါန်း

(က) ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်အရ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၅၁/၂၀၁၃-၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပါသည်။ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဒေါ်အာကျန်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးရှိပါသည်။ ကုမ္ပဏီ၏ ဆက်သွယ်ရန်လိပ်စာမှာ အမှတ် (၄၃၃)၊ နယ်မြေ (၉)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ် ဖြစ်ပြီး ဆက်သွယ်ရန်ဖုန်းနံပါတ်မှာ ၀၉-၉၅၇၇၁၁၁၇၃ နှင့် ၀၇၄-၂၁၇၃၅ တို့ ဖြစ်ပါသည်။

(ခ)ရည်ရွယ်ချက်

အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့်ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့် စနစ်ဖြင့် ထုတ်လုပ်ရန်

(၂) ဒေသခံလုပ်သားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်

(၃) ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး (CSR) တိုးတက်စေရန်

(၄) ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ ရွှေသတ္တုအသေးစား တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေပေါ်၊မြေအောက်ရေနှင့်သယံဇာတ၊ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးကွဲများ ထိခိုက်ပျက်စီးမှုအား ထိန်းသိမ်းကာကွယ်၍ ပျက်စီးမှုအနည်းဆုံး နည်းလမ်းများဖြင့် ဆောင်ရွက်သွားပြီး၊ လုပ်ငန်းပြီးဆုံးပါက ပြန်လည်စိုက်ပျိုးတည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

၂။ အကျဉ်းချုပ်အစီရင်ခံစာ

စီမံကိန်းအကြောင်းအရာဖော်ပြချက် (Project Discription)

ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ ရွှေသတ္တုသက်တမ်းတိုး တူးဖော်ထုတ်လုပ်ခွင့် လျှောက်ထားသည့် လုပ်ကွက် (KWM-109) ၏ တည်နေရာမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိပြီး လမ်းပန်းဆက်သွယ်ရေးကိုလည်း တင်ပြထားပါသည်။ ဧရိယာ အကျယ်အားဖြင့် ဧက(၂၀) ရှိပါသည်။ စီမံကိန်းကာလမှာ (၁)နှစ်ဖြစ်ပါသည်။ စီမံကိန်းအတွင်း ဆောက်လုပ်ထားသော အဆောက်အဦအမျိုးအစားနှင့် အရေအတွက်ကိုလည်း ဖော်ပြထားပါသည်။ မြေအောက်ရေအကွာအဝေးပေ (၁၀) ဖော်ပြထားပါသည်။ သုံးစွဲမည့်ကုန်ကြမ်းအဖြစ် ပြဒါး၊ ဆိုဒီယမ်ဆိုင်နိုက်စသည့်တို့ ထည့်သွင်းဖော်ပြထားပါသည်။ စီမံကိန်းတွင် ထူထောင်ပြီးသော လုပ်ငန်းများနှင့် ကုန်ကြမ်းမှကုန်ချောရသည်ထိ လုပ်ငန်းအဆင့်ဆင့်ကိုလည်း ဖော်ပြထားပါသည်။ စီမံကိန်းလုပ်ငန်းခွင်အတွင်း သုံးစွဲမည့်စက်ယန္တရားအမျိုးအစားအရေအတွက်နှင့် ဝန်ထမ်းလုပ်သား အမျိုးအစားအရေအတွက်များလည်း ဖော်ပြထားပါသည်။ လုပ်သားများ တစ်ရက်အလုပ် လုပ်ချိန် (၈)နာရီနှင့် ထုတ်လုပ်မည့်ထုတ်ကုန်မှာ ရွှေသတ္တုဖြစ်ကြောင်း တစ်နှစ်အတွင်း (၇၅)ကျပ်သားခန့် ထွက်ရှိရန် ခန့်မှန်းချက်အား ဖော်ပြထားပါသည်။ ရေအရင်းအမြစ်အဖြစ် မြေအောက်လုပ်ကွက်မှ ထွက်ရှိလာမည့် ရေကိုလည်းကောင်း၊ လိုအပ်မည့်ရေဂါလံ (၆၀၀၀၀)ခန့်ကိုလည်းကောင်း၊ ဖော်ပြထားပါသည်။ ထို့အတူ တစ်နှစ်အတွက် လိုအပ်မည့်လောင်စာဆီပမာဏကို ဖော်ပြထားပြီး လုပ်ငန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း အမျိုးအစား/ပမာဏများလည်း ခွဲခြားဖော်ပြထားပါသည်။

မြေပုံနှင့်ကားချပ်များ (Maps and Layout Plan)

စီမံကိန်း၏တည်နေရာကိုပြသသော မြေပုံများ၊ ဓာတ်ပုံများ၊ ကောင်းကင်မြေပုံ (Google ပုံ) များ ပူးတွဲတင်ပြထားပါသည်။ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှု လုပ်ငန်းစဉ်များအတွက် (Flow Chart) ရေးဆွဲတင်ပြထားပါသည်။

ကတိကဝတ် (Commitments)

စီမံကိန်းအဆိုပြုသူပေးအပ်ရမည့် ကတိကဝတ်များကိုလည်းကောင်း၊ စီမံကိန်းနှင့်သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားကြောင်းလည်း တင်ပြထားပါသည်။

မူဝါဒ၊ ဥပဒေဘောင်နှင့်မူဘောင်များ (Policies and Legislation)

စီမံကိန်းမှထားရှိသောမူဝါဒများနှင့် လိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းနှင့် နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များအား ကဏ္ဍအလိုက် ခွဲခြားတင်ပြထားပါသည်။

လက်ရှိပတ်ဝန်းကျင်အခြေအနေ (Existing Environment)

စီမံကိန်း၏လက်ရှိပတ်ဝန်းကျင်အခြေအနေဖြစ်သော ဆူညံသံ၊ ရေအရည်အသွေး၊ လေအရည် အသွေး၊ မြေထုအခြေအနေ၊ ဂေဟစနစ်၊ လူမှုပတ်ဝန်းကျင်အခြေအနေများကို ခေါင်းစဉ်များခွဲခြားလျှက် သီးခြားစီဖော်ပြထားပြီး ရေအရည်အသွေး၊ မြေအရည်အသွေး၊ ဓာတ်ခွဲစမ်းသပ်တိုင်းတာမှုများကိုလည်း ပူးတွဲနှိုင်းယှဉ်တင်ပြထားပါသည်။

ထိခိုက်နိုင်မှုများနှင့်လျော့ပါးစေရေးဆောင်ရွက်မည့်အစီအစဉ်များ (Impacts and Mitigation Measure)

ဤစီမံကိန်းကြောင့် လုပ်ငန်းခွင်အတွင်းနှင့် လူမှုပတ်ဝန်းကျင်အပေါ် ဖြစ်ပေါ်လာနိုင်သော ထိခိုက်မှုများကို ခေါင်းစဉ်ငယ်များ၊ အပိုဒ်ခွဲများဖြင့် ဖော်ပြထားပြီး၊ ထိခိုက်မှုလျော့နည်းစေရန် ဆောင်ရွက်ထား ရှိမှု၊ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်း တင်ပြထားပါသည်။

ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် (Emergency Plan)

လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်ပြီးသားပညာရှင်များ၊ လုပ်သားကြီးများဦးဆောင်၍ လုပ်ငန်းခွင်အလုပ်း လုပ်ငန်းဆောင်ရွက်ရင်း လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်၊ သက်ဆိုင်ရာဌာနများမှ သင်ကြားပို့ချပါက တက်ရောက်မည့် အစီအစဉ်များဖော်ပြထားပြီး ကြိုတင်ကာကွယ်မှုအစီအစဉ်၊ ကြိုတင်ဆောင်ရွက်ထားရှိမှုများကိုလည်း ဖော်ပြထားပါသည်။

အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း (Public Consultation)

လုပ်ငန်းခွင်မစတင်မီကပင် ဒေသခံပြည်သူများ၊ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်တို့မှ တာဝန်ရှိသူ များထံ လုပ်ငန်းခွင်အကြောင်း တင်ပြဆွေးနွေးခြင်း၊ ဒေသခံများလိုအပ်ချက်များနှင့် ၄င်းလိုအပ်ချက်များအား ဖြည့်ဆည်းပေးထားခြင်းများ၊ ဆက်လက်ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အခြေအနေအစီအစဉ်များကို တင်ပြထားပါသည်။

စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရန်ပုံငွေလျာထားချက် (Monitoring and Budget Allocation)

စီမံကိန်းနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုမည့်အကြောင်းအရာများ၊ စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် ရန်ပုံငွေလျာထားသည့် ပမာဏများကိုလည်း တင်ပြထားပါသည်။

အဖွဲ့အစည်းနှင့် ရန်ပုံငွေလျာထားချက် (Instition and Budget Allocation)

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းအား ဖော်ပြထားပြီး သုံးစွဲမည့်ခန့်မှန်းအသုံးစရိတ်ကိုလည်း ဖော်ပြထားပါသည်။

Corporate Social Responsibility - CSR

ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား အကြောင်း အရာလိုက် ဖော်ပြထားပြီး မှတ်တမ်းဓာတ်ပုံ၊ ဂုဏ်ပြုမှတ်တမ်းများ ပူးတွဲဖော်ပြထားပါသည်။ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် CSR အတွက် အသုံးပြုမည့်ရန်ပုံငွေလျာထားချက်ကိုလည်း ဖော်ပြထား ပါသည်။

မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာ (Mine Closure Plan)

မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းအဆင့်ဆင့်ကို ဖော်ပြထားပြီး ဆောင်ရွက်မည့် အဖွဲ့အစည်းများ၊သုံးစွဲမည့်ရန်ပုံငွေ၊ ကြာမြင့်မည့်ခန့်မှန်း အချိန်ကာလတို့နှင့် နောက်ဆုံးကျန်ရှိမည့် လုပ်ငန်းခွင်အတွင်းရှိ မြေကြီး၊ ရေနှင့် ပတ်ဝန်းကျင်အနီးရှိ ရေအရည်အသွေးများ ဓာတ်ခွဲစမ်းသပ်မည်ဖြစ်ကြောင်းများကိုလည်း တင်ပြထားပါသည်။

၃။ <u>စီမံကိန်းအကြောင်းအရာဖော်ပြချက် (Project Discription)</u>

(က) စီမံကိန်း၏တည်နေရာ

ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ သက်တမ်းတိုးတူးဖော်ထုတ်လုပ်ခွင့်လျှောက်ထားသည့် လုပ်ကွက်တည်နေရာသည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်း ညောင်ပင်သာကျေးရွာမှ (၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ လုပ်ကွက်တည်နေရာအား တစ်လက်မတစ်မိုင်စကေး မြေပုံဖြင့်လည်းကောင်း၊ ကောင်းကင်မြေပုံဖြင့်လည်းကောင်း ပူးတွဲတင်ပြထားပါသည်။

လုပ်ကွက်၏ တည်နေရာ မြေပုံညွှန်းမှာ

*92G/10(A-291669, B-294669, C-292675, D-291674)

(ခ) **စီမံကိန်း၏မြေနေရာအကျယ်အဝန်း**

ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ သက်တမ်းတိုးတူးဖော်ထုတ်လုပ်ခွင့်လျှောက်ထားသည့် လုပ်ကွက်၏မြေနေရာအကျယ်အဝန်းမှာ ဧရိယာ(၂၀)ဧက ကျယ်ဝန်းပါသည်။

(ဂ) **စီမံကိန်းကာလ**

စီမံကိန်းကာလအနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ (၆. ၁. ၂၀၁၆) နေ့စွဲပါခွင့်ပြုမိန့် အမှတ်(၀၀၅၆/၂၀၁၅)အရ (၁)နှစ် ဖြစ်ပါသည်။ ထပ်မံလျှောက်ထားသော စီမံကိန်းကာလမှာလည်း (၁)နှစ် ဖြစ်ပါသည်။

(ဃ) **လမ်းပန်းဆက်သွယ်ရေး**

နေပြည်တော်မှ မြစ်ကြီးနားမြို့သို့ မော်တော်ယာဉ်၊ လေယာဉ်၊ မီးရထားတို့ဖြင့် သွားရောက်နိုင်ပါသည်။ မြစ်ကြီးနားမှ ဝိုင်းမော်မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်နိုင်ပြီး ဝိုင်းမော်မြို့မှ (၁၈)မိုင်ကွာဝေးသော ညောင်ပင်သာရွာသို့ မြေသားလမ်းဖြင့် လည်းကောင်း သွားရောက်၍ ညောင်ပင်သာကျေးရွာမှ (၄)မိုင်ခန့်ကွာဝေးသော လုပ်ကွက်အတွင်းသို့ ပွင့်လင်းရာသီတွင် မော်တော်ယာဉ်ဖြင့် သွားရောက်နိုင်ပြီး မိုးတွင်းကာလ၌ ဆိုင်ကယ်၊ ထော်လာဂျီဖြင့် သွားရောက်နိုင်ပါသည်။ (မိုးတွင်းကာလ၌ ဖုန်ဂရီချောင်းကိုဖြတ်သန်းရာတွင် အခက်အခဲရှိပါသည်။)

(င) **အဆောက်အဦအရေအတွက်**

ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ လုပ်ငန်းခွင်၌

- ရုံးခန်းပါ ယာယီအဆောက်အဦ (၁)လုံး
- ဝန်ထမ်းနေရန် အဆောက်အဦ (၂)လုံး
- မီးစက်၊ရေစက်၊လေစက်ထားသည့်ရုံ (၂)လုံး
- စတို (၁)လုံး
- ထမင်းစားဆောင် (၁)ဆောင်
- ကျောက်ကြိတ်စက်နှင့်အင်ဝိုင်းကန်ပါ အဆောက်အအုံ (၁)ဆောင်
- ပစ္စည်းဟောင်းထားရန်ဂိုဒေါင် (၁)လုံး
- စုစုပေါင်း ယာယီအဆောက်အဦ (၉)လုံးဆောက်လုပ်ထားပါသည်။

(စ) မြေအောက်ရေနှင့်အကွာအဝေး (Ground Water Level)

လုပ်ကွက်အတွင်း စတင်သုံးစွဲရန်ရေကို မြေပြင်မှတူးရာ ပေ (၁၀)ခန့်တွင် ရေတွင်းမှ ထွက်သောရေများနှင့် လိုဏ်ဂူမှထွက်လာသောရေများကို စုဆောင်းထားပြီး သုံးစွဲပါသည်။ အပေါ်ယံမြေလွှာ (Over Burden) နှင့် မြေအောက်လိုဏ်ဂူ (Adit) ပေ(၄၀)ခန့် အကွာတွင်ရှိပြီး(Adit)အတွင်း ရေကြောတွေ့ရှိပါသဖြင့် မြေအောက်ရေအကွာအဝေးမှာ ပေ(၄၀)ခန့်တွင်လည်း ရှိပါသည်။

(ဆ) သုံးစွဲမည့်ဓာတုပစ္စည်းများအပါအဝင်ကုန်ကြမ်းပစ္စည်းများ

(ကက) ကုန်ကြမ်းအနေဖြင့်

(၁) ဆိုဒီယမ်ဆိုင်ယာနိုက်အက်ဆစ် (Sodium Cyanide)

(၂) ပြဒါး (Mercury)

(၃) မဖောက်ထုံး (Calcium)

(၄) အုန်းခွံမီးသွေး (Coconut Shell Activated Carbon)

(၅) ယမ်းဘီလူး

(၆) ရေ တို့ဖြစ်ပါသည်။

(ခခ) အရင်းအမြစ်အဖြစ် ရေကို ရှာဖွေသုံးစွဲရာ၌ မြေအောက်လုပ်ကွက်အတွင်းမှ ထွက်ရှိနေသောရေနှင့် လိုဏ်ဂူအတွင်းမှ ထွက်သောရေကိုသာ သုံးစွဲသွားမည် ဖြစ်ပါသည်။ (၃၀' x ၂၅' x ၁၀')ခန့်ရှိ ရေကန် (၂)ကန်တွင် ရေဂါလံအားဖြင့် (၆၀၀၀၀)ခန့် သိုလှောင်ထားရှိပြီး (Recycle) စနစ်ဖြင့် ပြန်လည်သုံးစွဲသွားပါမည်။

(ဂဂ) ပြဒါးနှင့်ဆိုဒီယမ်ဆိုင်ရာနိုက်အား ဓာတုပစ္စည်း အသုံးပြုခွင့်လိုင်စင် ရရှိရေးအတွက် စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းအန္တရာယ်မှ တားဆီးကာကွယ်ရေး၊ ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားပြီး ခွင့်ပြုချက် ရယူထားပြီးဖြစ်ပါသည်။ ထားသိုသည့်အချိန် အပိုင်းအတွင်း၌လည်း အောက်ခံကွန်ကရစ်ခင်းထားသော စတိုအတွင်းသီးခြားအခန်းပြုလုပ်၍ လုံခြုံစွာထားရှိ သော့ခတ်ထားပြီး ကိုင်တွယ်သုံးစွဲမည့် ကျွမ်းကျင်ဝန်ထမ်းကိုသာ သီးခြားတာဝန် ပေးစောင့်ကြည့်ပါမည်။ ပစ္စည်းအမျိုးအမည်ဖော်ပြ၍ တားမြစ်ဆိုင်းပုဒ်များ ချိတ်ဆွဲထားပါမည်။

(ဃဃ) ယမ်းဘီလူးနှင့်ဆက်စပ်သုံးပစ္စည်းများ (ပေါက်ကွဲစေတတ်သောပစ္စည်းများ)အား စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးမှ နေရာသတ်မှတ်ရွေးချယ်ပေးထားသော လုံခြုံရေးနှင့်လုံခြုံမှုအကွာအဝေးတွင် တည်ဆောက်ထားသည့် သတ်မှတ်ယမ်းတိုက်အတွင်း ယမ်းဘီလူးစည်းမျဉ်းစည်းကမ်းနှင့်အညီ ထားရှိပါမည်။ တားမြစ်ဆိုင်းဘုတ်များလည်း ထားရှိပါသည်။

(၈) စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု

၁။ သတ္တုတွင်းထူထောင်မှုလုပ်ငန်းအစီအစဉ်

လုပ်ငန်းပမာဏနှင့် ဆောင်ရွက်မည့်လုပ်ငန်း အဆင့်ဆင့်အပေါ်မူတည်၍ အောက်ဖော်ပြပါလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

(က) လုပ်ကွက်အတွင်းဝင်ထွက်ရန် လမ်းဖောက်လုပ်ခြင်းများ ဖောက်လုပ်ထားပြီးဖြစ်ပါသည်။

(ခ) ဝန်ထမ်းအလုပ်သမားများနေထိုင်ရန် တဲများဆောက်လုပ်ထားပြီးဖြစ်ပါသည်။

(ဂ) လုပ်ကွက်နယ်နိမိတ်သတ်မှတ်၍ မှတ်တိုင်များစိုက်ထူခြင်း လုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

(ဃ) တောလိုင်းခုတ်ခြင်း (Line Cutting) များဆောင်ရွက် ထားပြီးဖြစ်ပါသည်။

(င) လုပ်ငန်းခွင်သုံး ရေရရှိရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

(စ) တူးဖော်ရာမှထွက်ရှိသော မြေစာများထားရှိရန် နေရာပြုလုပ်ထားပြီး မြေထိန်းနံရံများလည်း ပြုလုပ်ထားပြီးဖြစ်ပါသည်။

(ဆ) မြစ်၊ ချောင်းများအတွင်း ကျရောက်ခြင်းမရှိစေရန် စီမံဆောင်ရွက်ခြင်း၊

၁။ စွန့်ပစ်မြေစာ ယာယီထားရန် စနစ်တကျ နေရာပြုလုပ်ထားပြီး ဖြစ်ပါသည်။

၂။ တူးဖော်ထုတ်လုပ်ပြီးသုံးစွဲခဲ့သော ရေများအတွက် သီးခြားရေကန် အဆင့်ဆင့်ထားရှိပြီး (Recycle) ပြန်လည်အသုံးပြုလျှက်ရှိပါသည်။

၂။ လုပ်ငန်းလည်ပတ်မှု

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် သြဂုတ်လ(၁၂)ရက်နေ့စွဲပါ ခွင့်ပြုမိန့်အမှတ် (၀၁၆၈/၂၀၁၅)ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်ခွင့်သက်တမ်းတိုးလုပ်ကွက်၌ လက်တွေ့တူးဖော်ထုတ်လုပ်နေသည့် လုပ်ငန်းခွင်အတွေ့အကြုံရှိထားသည့်အတိုင်း အောက်ပါလုပ်ငန်း အဆင့်ဆင့်များ ဆက်လက်လုပ်ကိုင်သွားပါမည်။

(က) လုပ်ငန်းခွင်အနေအထားမှာ တောင်ကမ္ပားရံအား မြေအောက်လိုဏ်ဂူ (Adit) တူး၍ ဝင်ရောက်ပြီး ရွှေသတ္တုစွဲဝင်သောကျောက်ကြောကြော (Quantzvine) တွေ့ရှိသည့်အခါ ကျောက်ကြောလားရာဘေးဝဲယာသို့ မြေအောက်တွင် လိုဏ်ဂူ (Tunnel) တူး၍ ရွှေသတ္တုပါဝင်သော ကျောက်ကြောကို တူးဖော်ယူသော(Under Ground Mining Method) ဖြင့် ဆက်လက် တူးဖော်ထုတ်လုပ်သွားပါမည်။

(ခ) လုပ်ငန်းခွင်သုံးစွဲရန် ရေရရှိရေးအတွက် လိုဏ်ဂူအတွင်းမှ ထွက်ရှိသောရေနှင့် အဝီစိတွင်းမှထွက်ရှိသောရေကို ကန်အတွင်း စုဆောင်းထားပါသည်။

(ဂ) ရွှေသတ္တုပါဝင်နိုင်သော ကျောက်ကြောအား ဝင်ရောက်တူးဖော်မည့် လိုဏ်ဂူ (Adit) ၏အပေါ်ယံနှင့်ဘေးဝဲယာမှ မြေစာများဖယ်ရှား၍ သီးခြားစုပုံထားပြီး မိုးရေဖြင့်မျောပါခြင်း မရှိစေရန်အထိန်းနံရံ (Retaining wall) များတည်ဆောက်ထားပါသည်။

(ဃ) ရွှေသတ္တုပါဝင်နိုင်သော ကျောက်ကြော၊ ကျောက်တုံးများအား လိုဏ်ဂူအတွင်းမှ ထုတ်ယူပြီး ကြိတ်ခွဲစက် (Crusher) များတွင် လိုအပ်သော အရွယ်အစား ရသည်အထိ ကြိတ်ခွဲပါသည်။

(ဂ) ကြိတ်ခွဲရာမှရှိသောရေနှင့် မြေစာများအားကြိတ်ခွဲစက်အောက်ရှိ ကော်ဇောခင်းထားသော သံလျှောလမ်းတစ်လျှောက် ဖြတ်သန်းစေလျှက် ကော်ဇောစဖြင့် ရွှေသတ္တုရောရာကို ဖမ်းယူပြီး ရွှေကိုအင်ဝိုင်းဖြင့် ပြဒါးသုံး ဖမ်းယူပါသည်။

(စ) အင်ဝိုင်းဖြင့်ဝိုင်းပြီး ကျန်ရှိသော နှုံးမြေနှင့် ရေများအားချက်ကန်တွင် ဆိုင်ယာနိုက်ပျော်ရည်ဖြင့် ဒုတိယအကြိမ်ဖမ်းယူပါသည်။ ကျန်ရှိသောမြေစာများအား လမ်းခင်းခြင်း၊ ကျင်း၊ ချိုင့်များအတွင်းဖြည့်ဖို့သွားပါမည်။

(ဆ) ပြဒါးဖြင့်ဖမ်းယူထားသော ရွှေကြမ်းအား အဝတ်အိတ်အတွင်းထည့်၍ ညှစ်ထုတ်သည့်အခါ ထွက်ရှိလာသော ပြဒါးများအား ပြန်လည်အသုံးပြုသွားပါသည်။ ရွှေကြမ်းအား အဆင့်ဆင့်သန့်စင်ယူပါသည်။

(ဇ) ရွှေဖမ်းယူပြီးသော ဓာတုဆေးရည်ကိုလည်း (Recycle) စနစ်ဖြင့် ပြန်လည်သုံးစွဲသွားပါသည်။ (လုပ်ငန်းခွင်ပြင်ပသို့ စွန့်ပစ်ခြင်းမပြုပါ။)

(ဈ) လုပ်ငန်းခွင်တွင် သုံးစွဲလျှက်ရှိသည့် စက်ယန္တရားများ

လုပ်ငန်းခွင်အတွင်း အောက်ပါစက်ယန္တရားများကို အသုံးပြုလျှက်ရှိပါသည်။

(က)	မီးစက်	(၂)လုံး
(ခ)	၂" ရေစုပ်စက် + မော်တာ	(၆)လုံး
(ဂ)	အထွေထွေသုံးယာဉ်	(၁)စီး
(ဃ)	မြေသယ်ယာဉ်	(၁)စီး
(င)	ကျောက်ခွဲကြိတ်စက် (Crusher)	(၂)လုံး
(စ)	လေမှုတ်စက်၊ (Air Compressor)	(၂)လုံး
(ဆ)	Winch (ဝင့်)	(၄)လုံး
(ဇ)	Back Hoe	(၁)စီး

(ည) ဝန်ထမ်းအင်အားဖွဲ့စည်းမှု

လုပ်ငန်းခွင်အတွင်း ဝန်ထမ်းအင်အားဖွဲ့စည်းမှု အနေဖြင့်

(က)	မန်နေဂျာ	(၁)ဦး
(ခ)	ဘူမိဗေဒပညာရှင်	(၁)ဦး

(ဂ) လုပ်ကွက်တာဝန်ခံ (အင်းဆရာ) (၂)ဦး

(ဃ) ရုံးဝန်ထမ်း+ငွေစာရင်း (၂)ဦး

(င) စတိုတာဝန်ခံ (၁)ဦး

(စ) ထမင်းချက် (၂)ဦး

(ဆ) လုံခြုံရေးနှင့်အထွေထွေလုပ်သား (၅)ဦး

(ဇ) ယာဉ်မောင်း/စက်မောင်း (၅)ဦး

(ဈ) အလုပ်သမား (၃၀)ဦး

(၄) တစ်ရက်အလုပ်လုပ်ချိန်-

တစ်ရက်အလုပ်လုပ်ချိန်အဖြစ် အဆိုင်းတစ်ဆိုင်းလျှင် နံနက် (၇း၃၀)နာရီမှ (၁၁း၃၀) နာရီထိ နေ့လည် (၁း၀၀)နာရီမှ ညနေ (၅း၀၀)နာရီထိ (၈း၀၀)နာရီဖြင့် လည်ပတ်သွားပါမည်။ အလုပ်သမားတစ်ဦး၏ တစ်ပါတ်အတွင်း အလုပ်လုပ်ချိန်မှာ နာရီ(၄၀)ဖြစ်ပါသည်။

(၅) ထုတ်လုပ်မည့် ထုတ်ကုန်နှင့် ထွက်ရှိမှု

ထုတ်လုပ်မည့် ထုတ်ကုန်အနေဖြင့် ရွှေသတ္တုဖြစ်ပြီး၊ တစ်နှစ်လျှင်(၇၅)ကျပ်သား ထုတ်လုပ်ရန် ခန့်မှန်းလျာထားပါသည်။

(၆) နှစ်စဉ်ရေလိုအပ်ချက်နှင့် ရယူသုံးစွဲမည့် ရေအရင်းအမြစ်

လုပ်ကွက်အတွင်းရှိ Under Ground မှ ထွက်ရှိလာသောရေနှင့် အဝီစိတွင်းရေကို (၃၀' x ၂၅' x ၁၀')ခန့်ရှိ ရေကန်(၂)ကန် ပြုလုပ်ခံယူစုဆောင်းထားပြီး ရေအရင်းအမြစ်အဖြစ် သုံးစွဲသွားမည်ဖြစ်ပါသည်။ နှစ်စဉ်ရေလိုအပ်ချက်မှာ ရေဂါလံ (၆၀၀၀၀) ခြောက်သောင်းခန့် ဖြစ်ပါသည်။ နှုံးစစ်ကန်မှ အဆင့်ဆင့်ရေကြည်ရယူပြီး Recycle နည်းဖြင့် ပြန်လည်အသုံးပြုသွားပါသည်။

(၇) နှစ်စဉ်လောင်စာဆီလိုအပ်ချက်

နှစ်စဉ်လောင်စာဆီလိုအပ်ချက်အနေဖြင့် ဒီဇယ်ဆီဂါလံ (၁၀၀၀၀) တစ်သောင်းခန့် လိုအပ်ပါသည်။ သိုလှောင်ရာ၌ ဒီဇယ်ဆီဂါလံ (၂၅၀)ခန့်အား အလီလီခွဲ၍ ဝယ်ယူပြီး (၁၅' x ၁၀') ခန့်ရှိ အလုံအခြုံကာရံထားသော ခြံဝန်းအတွင်း သော့ခတ်ထိန်းသိမ်း သိုလှောင်ထားရှိသုံးစွဲပါသည်။

(ဏ) အဆိုပြုလုပ်ငန်း ဆောင်ရွက်မှုများကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်း (အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့အမျိုးအစား/ ပမာဏ)

အဆိုပြုလုပ်ငန်းကြောင့် မြေအောက် (Under Ground) မှ ရွှေသတ္တုရိုင်း အပါအဝင် မြေထုပမာဏတန် (၂၂၀၀) နှစ်ထောင့်နှစ်ရာခန့် ထွက်ရှိမည်ဖြစ်ပြီး ၎င်းတို့အနက်မှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းအနေဖြင့်၊ ချက်ကန်တွင် ကျန်ရှိနေသော နှုံးမြေစာနှင့် ရွှေသတ္တုမပါဝင်၍ ဖယ်ထုတ်ထားသော မြေစာ၊ ကျောက်တုံး၊ ကျောက်ခဲများနှင့်ရွှေသတ္တုဖမ်းယူပြီး ကျန်ရှိနေသော ရေဖြစ်ပါသည်။ စက်ရုံ အလုပ်ရုံ မရှိ၍ မီးခိုး၊ ဓာတ်ငွေ့များထုတ်လုပ်မှု မရှိပါ။ နှုံးမြေစာနှင့် ဖယ်ထုတ်ထားသော မြေစာ၊ ကျောက်တုံး၊ ကျောက်ခဲများမှာလည်း စွန့်ပစ်ပစ္စည်းဖြစ်သော်လည်း အဝေးသို့ စွန့်ပစ်ခြင်းမပြုပဲ လုပ်ကွက်အတွင်းရှိ တူးဖော်ထုတ်လုပ်သော (Adit နှင့် Tunnel) နေရာများ၊ ကျင်း၊ ချိုင့်များအတွင်းဖြည့်ဖို့၍ အပေါ်မှ (Over burden) မြေကြီးများ ဖုံးအုပ်ပြီး၊ သစ်ပင်များပြန်လည်စိုက်ပျိုးမည် ဖြစ်၍ စွန့်ပစ်ပစ္စည်းသက်သက်အဖြစ် မသက်ရောက်ပါ။ ထို့အတူ စွန့်ပစ်ရေမှာလည်း (Recycle) ပြန်လည်အသုံးပြုခြင်း၊ သိုလှောင်ထားရှိခြင်းကြောင့် မြေပေါ်၊ လျှို့မြောင်အတွင်း စွန့်ပစ်စီးမျောစေခြင်းမရှိပါ။ ဝန်ထမ်းသုံးစွဲပြီးရေနှင့် မိလ္လာသုံးရေများကိုလည်း စနစ်တကျကန် (Concrete Waste Tank) များ ပြုလုပ်ထိန်းသိမ်းလျှက် စွန့်ပစ်ခြင်းပြုပါသည်။

၄။ <u>မြေပုံနှင့်ကားချပ်များ</u> (Map and lay out plan)

(က) ဆောင်ရွက်မည့်စီမံကိန်း၏ တည်နေရာပတ်ဝန်းကျင်ကို ကောင်းကင်ဓါတ်ပုံ၊ တစ်လက်မတစ်မိုင် စကေးမြေပုံ၊ ဓါတ်ပုံတို့ဖြင့် ဖော်ပြပါသည်။ လုပ်ကွက်ဆိုင်းဘုတ်လည်း သိသာစွာ စိုက်ထူထားပါသည်။

(ခ) ဒေသန္တရ တူးဖော်နည်းဖြင့် တူးဖော်ခြင်းဖြစ်ပါသည်။ လုပ်ငန်းသက်တမ်းအနေဖြင့် (၁)ကြိမ်လျှင် အချိန်ကာလအားဖြင့် (၁)နှစ်သာရပြီး၊ လုပ်ငန်းအဆင့်မှာလည်း အဓိကအားဖြင့် မြေအောက်မှ တူးထုတ်ခြင်း၊ ကြိတ်ခွဲခြင်း၊ သန့်စင်ခြင်း (၃)ဆင့်သာရှိ၍ လုပ်ငန်းအဆင့်ဆင့်အား ကားချပ် (Flow Chart) ရေးဆွဲပူးတွဲတင်ပြထားပါသည်။ (ဓာတ်ပုံများလည်း ပူးတွဲတင်ပြထားပါသည်)

၅။ ကတိကဝတ် **(Commitments)**

ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင်ပါရှိသည့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ပြု ကတိဝန်ခံချက်အား သီးခြားပူးတွဲတင်ပြထားပါသည်။

စီမံကိန်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းသတ်မှတ်ချက်များတွင်ပါရှိသည့် လိုက်နာရမည့်အပိုဒ်များ လိုက်နာမည်ဖြစ်ကြောင်း ကတိကဝတ်ဝန်ခံချက် ပူးတွဲတင်ပြထားပါသည်။

၆။ **မူဝါဒ၊ ဥပဒေနှင့် မူဘောင်များ (Policies and legislation)**

(က) ကုမ္ပဏီ၏ စီမံကိန်းဆိုင်ရာ မူဝါဒများ အနေဖြင့်

(၁) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်စေရန်။

(၂) မလိုအပ်သော သစ်ပင်၊ ခြုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း မပြုရန်။

(၃) မီးဘေးအန္တရာယ် မကျရောက်စေရေး ဂရုစိုက်နေထိုင်သုံးစွဲသွားရန်။

(၄) စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်။

(၅) ထုတ်လုပ်သောသတ္တု (ရွှေသတ္တု)အလေအလွင့် မရှိစေရန်။

(၆) လုပ်ငန်းခွင်ဧရိယာနှင့် ဧရိယာပြင်ပတွင်ရှိသော သုံးစွဲခြင်းမရှိသည့် ရေအိုင်နှင့် ရေကန်များကို သဘာဝရေကန်အဖြစ်ထားရှိပြီး ပတ်ဝန်းကျင်ရှိ ကျေးငှက်သတ္တဝါများ သောက်သုံးရန်၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရန်နှင့် ဇီဝမျိုးစိပ်များ ရှင်သန်ပေါက်ဖွားနိုင်စေရန် ထားရှိထားမည်ဖြစ်ပါသည်။

(၇) ဒေသဖွံ့ဖြိုးရေး (CSR) (ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေး) များ ဆောင်ရွက်ထားပြီး၊ ဆက်လက်ဆောင်ရွက်သွားရန်။

(ခ) အဆိုပြုစီမံကိန်းမှ လိုက်နာရမည့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ စံချိန်စံညွှန်းများနှင့် စည်းကမ်းသတ်မှတ်ချက်များ

၁။ မြန်မာ့သတ္တုတွင်းဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေတွင်ပါရှိသော

(က) အခန်း(၄)ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များနှင့် သက်ဆိုင်သော အပိုဒ်(၁၂) နှင့်(၁၃)ပါ အချက်အလက်များ

(ခ) အခန်း(၅) ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေ သုံးစွဲခွင့်နှင့် သက်ဆိုင်သော အပိုဒ် (၁၄)ပါ အချက်အလက်များ

(ဂ) အခန်း(၆)ဓာတ်သတ္တုခွန်နှင့် သက်ဆိုင်သော အပိုဒ်(၁၈)(ဂ)ပါ ရာခိုင်နှုန်း အတိုင်းပေးသွင်းရန်-

၂။ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ(၂၀၁၈)တွင်ပါရှိသော

(က) အခန်း(၁၇)ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများနှင့် သက်ဆိုင်သော နည်းဥပဒေ (၁၃၇)၊ (၁၃၈) (၁၃၉) (၁၄၀)ပါ အချက်အလက်များ၊

(ခ) အခန်း (၂၇)ပါ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီသတ်မှတ်ချက် ဥပဒေ (၁၇၄)ပါ အချက်အလက်များ

(ဂ) အခန်း (၂၈)ပါ သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော နည်းဥပဒေ (၁၇၆) (၁၇၇) (၁၇၈) (၁၇၉) ပါ အချက်အလက်များ

(ဃ) အခန်း(၃၂) မတော်တဆဖြစ်ပွားမှုများကို သတင်းပို့အစီရင်ခံခြင်းနှင့် သက်ဆိုင်သော နည်းဥပဒေ (၁၉၄)ပါ အချက်အလက်များ

(င) အခန်း (၃၃) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကို ခံယူခြင်းနှင့် သက်ဆိုင်သောနည်းဥပဒေ (၁၉၅) (၁၉၆) ပါအချက်အလက်များ

၃။ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ

၄။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(၂၀၁၅) တွင် ပါရှိသော-

အခန်း(၅) အပိုဒ်(၆၃)ပါ အချက်အလက်များ

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၄)တွင် ပါရှိသော

အခန်း (၁၁)၊ ပုဒ်မ (၅၄) (၅၅) (၅၆) (၅၇) ပါ အချက်အလက်များ

၆။ သစ်တောဥပဒေ (၂၀၁၈)တွင် ပါရှိသော
အခန်း (၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ ပုဒ်မ (၄၀) (၄၁) (၄၂) (၄၃) (၄၄) ပါ အချက်အလက်များ

၇။ သစ်တောဥပဒေ (၂၀၁၈)တွင် ပါရှိသော -
အခန်း (၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ ပုဒ်မ (၄၀) (၄၁) (၄၂) (၄၃) (၄၄)ပါ အချက်အလက်များ

၈။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လုပ်မှု) လမ်းညွှန်ချက် (၂၀၁၅)တွင် ပါရှိသော အခန်း(၂) အပိုဒ်(၇) လုပ်ငန်း(၂) (၂. ၇. ၂) တွင်ပါရှိသော စွန့်ထုတ်ရည် အဆင့်သတ်မှတ်ချက်များ

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသော အခန်း(၁၂)အပိုဒ်(၂၈-၂၉-၃၀)နှင့် သက်ဆိုင်သောတားမြစ်ချက်များ

၁၀။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေတွင်ပါရှိသော အခန်း(၁၁)တားမြစ်ချက်များ အပိုဒ်(၂၄-၂၅-၂၆-၂၇-၂၈-၂၉-၃၀-၃၁-၃၂-၃၃)

၁၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေတွင်ပါရှိသော အခန်း (၅) အပိုဒ် (၁၀-၈)တွင်ပါရှိသော တားမြစ်ချက်များ

၁၂။ အလုပ်သမားအဖွဲ့အစည်းဥပဒေတွင်ပါရှိသော
(က) အခန်း(၇) အပိုဒ် (၂၉-၃၀-၃၁) ပါ အလုပ်ရှင်၏တာဝန်ဝတ္တရားများ
(ခ) အခန်း(၁၁) အပိုဒ် (၃၇) အလုပ်ပိတ်သိမ်းခြင်းနှင့် သပိတ်မှောက်ခြင်း
(ဂ) အခန်း(၁၂) အပိုဒ် (၄၃-၄၄) ပါ တားမြစ်ချက်များ

၁၃။ ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂)တွင် ပါဝင်သော အချက်အလက်များ

၁၄။ အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)တွင် ပါဝင်သော အချက်အလက်များ

၁၅။ အနည်းဆုံးအခကြေးငွေတွင်ပါရှိသော
(ကက)အခန်း (၇) အလုပ်ရှင်၏တာဝန်များပါ အပိုဒ် (၁၂-၁၃)ပါ အချက်အလက်များ
(ခခ) အခန်း (၁၀) တားမြစ်ချက်နှင့်ပြစ်ဒဏ်များပါ အပိုဒ် (၂၂-၂၃-၂၄-၂၅-၂၆-၂၇)

၁၆။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတွင်ပါရှိသော

အခန်း (၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များနှင့် သက်ဆိုင်သောပုဒ်မ (၃၅) (၃၆) (၃၇) တို့ပါ အချက်အလက်များ

၁၇။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင်ပါရှိသော

အခန်း (၁၆) ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သော ပုဒ်မ (၆၅) (၆၇) (၆၈) (၆၉) (၇၀) (၇၁) (၇၂) ပါ အချက်အလက်များ

၁၈။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေတွင်ပါရှိသော

အခန်း (၂၀) ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သော ပုဒ်မ (၁၈၆) (၁၈၉) (၁၉၀) (၁၉၁) တို့ပါ အချက်အလက်များ

၁၉။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၆)တွင်ပါရှိသော

(က) အခန်း (၇) အပိုဒ် (၁၃) (၁၅) (၁၆) (၁၇) (၁၈)ပါ အချက်အလက်များ

(ခ) အခန်း (၈) အပိုဒ် (၂၀-၂၂-၂၃-၂၄)ပါ အချက်အလက်များ

(ဂ) အခန်း (၉) အပိုဒ် (၂၇)ပါ အချက်အလက်များ

(ဃ) အခန်း (၁၀) အပိုဒ် (၂၈-၂၉)ပါ အချက်အလက်များ နည်းဥပဒေတွင် ပါရှိသော

(က) အခန်း (၅) အပိုဒ် (၂၄)

(ခ) အခန်း (၆) အပိုဒ် (၂၅-၂၆)

(ဂ) အခန်း (၁၂) အပိုဒ် (၅၆-၅၇-၅၈)

(ဃ) အခန်း (၁၃) အပိုဒ် (၅၉)

(င) အခန်း (၁၄) အပိုဒ် (၆၁)

(စ) အခန်း (၁၅) အပိုဒ် (၆၂)

(ဆ) အခန်း (၁၆) အပိုဒ် (၆၃)

၂၀။ မြေအောက်ရေအက်ဥပဒေ (၁၉၃၀)

၂၁။ The Emergency Provision Act (၁၉၅၀)

၂၂။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)

၂၃။ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ (၂၀၁၈) အခန်း (၁၁) ပုဒ်မ (၃၉)

၂၄။ သတ္တုကဏ္ဍဆိုင်ရာစီမံကိန်းများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (၂၀၁၆)

၂၅။ အမျိုးသားရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၈)

၂၆။ The Explosive Subtance Act (၁၉၀၈)

၇။ <u>လက်ရှိပတ်ဝန်းကျင်အခြေအနေ</u> (Existing Environment)

က။ ဆူညံသံ

လုပ်ငန်းခွင်လည်ပတ်နေစဉ်အတွင်း စက်ယန္တရားကြီးများသုံးစွဲသော စက်ရုံအလုပ်ရုံမရှိ၍ စက်ရုံအလုပ်ရုံမှ ထွက်ပေါ်သံမရှိပါ။ ထို့အတူ ယမ်းဘီလူး သုံးစွဲဖောက်ခွဲခြင်းမှာလည်း (Jack Hummer) တွင်းငယ်အား မြေအောက်တွင် ဖောက်ခွဲခြင်းဖြစ်၍ ဆူညံတုန်ခါမှု အနည်းငယ်သာရှိပါသည်။ နေ့ဘက်တွင် ကြိတ်ခွဲစက်နှင့် ရေစုပ်စက်မှအသံနှင့် ညဘက်တွင် မီးစက်မှ စက်သံထွက်ရှိသော်လည်း စက်ကြီးများမသုံးစွဲသဖြင့် ဆူညံသံမှာ 60db၏ အောက်တွင်သာရှိ၍ (၂)မိုင်ခန့်ဝေးသော ညောင်ပင်သာကျေးရွာအပေါ် သက်ရောက်မှုမရှိပါ။

ခ။ ရေအရည်အသွေး

မြေအောက်လိုဏ်ဂူအတွင်း၌ ထွက်ရှိနေသောရေကိုသာသိုလှောင် သုံးစွဲ၍ ရွှေသတ္တုဖမ်းယူပြီး ရေကိုလည်း (Recycle) ဖြင့်ပြန်လည်သုံးစွဲသဖြင့်လည်းကောင်း ၊ ရေကန်ပြုလုပ် သိုလှောင်ထားသဖြင့် လည်းကောင်း၊ စီးမျောသွားစေသော ရေဆိုးမရှိသဖြင့် ရေအရည်အသွေးကျဆင်းခြင်း မရှိပါ။ မြေအောက်ရေ အရည်အသွေးအနေဖြင့် မြေအောက်လိုဏ်ဂူရေကို သုံးစွဲမည်ဖြစ်သော်လည်း မြေအောက်သို့ပြန်လည်စွန့်ပစ်ခြင်းမပြု၍ မြေအောက်ရေ၏ အရည်အသွေးလည်း ပြောင်းလဲမှုမရှိပါ။

စတင်သုံးစွဲနေသည့် မြေအောက်လိုဏ်ဂူမှ ထွက်ရှိသောရေ၏အရည်အသွေးမှာ (pH 6.0) ရှိပါသည်။ ရေအရည်အသွေးဓာတ်ခွဲစမ်းသပ်မှုအဖြေအား ပူးတွဲတင်ပြထားပါသည်။ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်း (Chemical Toxine) များ ပါဝင်မှုမရှိပါ။

၈။ လေအရည်အသွေး

မြေအောက်လုပ်ငန်းခွင်အတွင်းသို့ (Air Compressor) ဖြင့် လေသန့်မှုတ်သွင်း၍ အောက်ဆီဂျင် လုံလောက်စွာ ရရှိစေပါသည်။မြေပြင်ရှိလုပ်ငန်းခွင်အတွင်း၌ တစ်ခါတစ်ရံ မြေစာသယ်ယူရာ၌ ခရီးတိုအတွင်း ဖုန်မှုန့်အနည်းငယ်မျှသာ ဖြစ်ပေါ်ပြီး အဝေးသို့ လွင့်မျောခြင်းမရှိပါ။ ထို့အတူ စက်ရုံအလုပ်ရုံမရှိ၍လည်း အနံ့ဆိုး ထွက်ပေါ်ပျံ့လွင့်ခြင်း မရှိပါသဖြင့် လေအရည်အသွေးအား ထိခိုက်မှု ဆိုးကျိုးမရှိပါ။

၉။ မြေထုအခြေအနေ

လုပ်ကွက်ရှိမြေထုအခြေအနေမှာ မြေဩဇာကောင်းမွန်ပြီး တောင်ကုန်းတောင်တန်းနှင့် တောင်ကုန်းကြားရှိ မြေပြန့်အနေအထားသာဖြစ်ပါသည်။ စီမံကိန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများအကြားတွင် စိမ်းလန်းစိုပြေနေသော စိုက်ခင်းများရှိပြီး၊ ကျွန်းပင်အချို့ပေါက်ရောက်လျှက် ရှိပါသည်။ မြေထုအရည်အသွေး စမ်းသပ်တိုင်းတာရရှိမှုအဖြေအား ပူးတွဲတင်ပြထားပါသည်။

၁၀။ ဂေဟစနစ်

စီမံကိန်းလုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်မှာ တောင်ကုန်းတောင်တန်း အနေအထားရှိပြီး သစ်ပင်ကြီးအချို့၊ ဝါးဂျုပင်၊ သစ်ပျော့ပင်နှင့် ခြုံနွယ်များ ပေါက်ရောက်ပါသည်။ သစ်ကြီး၊ ဝါးကြီး ပေါက်ရောက်မှုနည်းပါးပါသည်။ ချောင်း၊ မြောင်းများလည်း အနီးဝန်းကျင်တွင် မရှိသည့်အတွက် ရှဉ့်၊ ငှက်၊ လိပ်ပြာ၊ အင်းဆက် ဇီဝမျိုးကွဲအချို့ ရှင်သန်ပေါက်ဖွား မှီခိုနေထိုင်ကြပါသည်။ စီမံကိန်းလုပ်ငန်းကြောင့် ဂေဟစနစ်အား ယာယီထိခိုက်မှုရှိသော်လည်း ကြီးမားသောဆိုးကျိုးမဖြစ်စေပါ။ ကျွန်းပင်များအစားထိုးစိုက်ပျိုးထားရှိမှုကြောင့် CO_2 ဓာတ်ငွေ့ထွက်ရှိမှု လျော့ချနိုင်ပါသည်။

၈။ လူမှုပတ်ဝန်းကျင်အခြေအနေ

ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်၏ ရွှေသတ္တုအသေးစားလုပ်ကွက်၏ အနီးဆုံးကျေးရွာ အနေဖြင့် (၂) မိုင်ခန့်ကွာဝေးသော ညောင်ပင်သာကျေးရွာတည်ရှိပါသည်။ ညောင်ပင်သာကျေးရွာသည် ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုအတွင်းပါဝင်ပြီး နောင်ချိန်းကျေးရွာမှ (၃)မိုင်ခန့် အာကွာမော်တော်ကားလမ်းပေါ်တွင် ရွာငယ်တစ်ရွာ အနေဖြင့် အိမ်ခြေ (၄၅)ခန့်၊ အိမ်ထောင်စု (၅၀)နှင့် လူဦးရေ (၁၉၀)ခန့်ရှိပါသည်။ နေထိုင်သောလူမျိုးမှာ ပမာနှင့်ကချင်တိုင်းရင်းသားများ ဖြစ်ပါသည်။ ကိုးကွယ်သည့် ဘာသာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်ကြပါသည်။ ညောင်ပင်သာကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိပါသည်။ ကျေးရွာလူထုကျန်းမာရေးအတွက် နောင်ချိန်းကျေးရွာ ကျေးလက်ဆေးခန်းနှင့် ဝိုင်းမော်မြို့တိုက်နယ်ဆေးရုံတို့ရှိပါသည်။ ညောင်ပင်သာကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် သီးနှံများစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ ဒေသအတွင်းရှိ ရွှေလုပ်ကွက်များတွင်လည်း နေ့စားပုတ်ပြတ်လုပ်ငန်းများ၊ လခစားဝန်ထမ်းများ၊ ယာဉ်မောင်းများ အနေဖြင့်လည်း သွားရောက်လုပ်ကိုင်ကြပါသည်။ ထော်လာဂျီရှိသော ကျေးရွာသားများ အနေဖြင့်လည်း လုပ်ကွက်ကုမ္ပဏီများ၏ လိုအပ်သော လောင်စာဆီ၊ စားသောက်ကုန် ပစ္စည်းများအား သယ်ယူပို့ဆောင်သည့် လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။

၈။ <u>ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေးဆောင်ရွက်မည့် အစီအစဉ်များ</u>

(Impacts and Mitigation Measure)

(က) အဆိုပြုစီမံကိန်းကြောင့် ဒေသရှိကျေးရွာ လူမှုပတ်ဝန်းကျင်အပေါ် အသံဆူညံတုန်ခါမှု မသက်ရောက်ပါ။ လုပ်ငန်းခွင်အတွင်း၌သာ ဆူညံသံထွက်ပေါ်လာနိုင်ပြီး ထွက်ပေါ်လာနိုင်သောဆူညံသံမှာ နိုင်ငံတကာဆူညံသံတိုင်းတာမှုအခြေအနေ (Noise Thermometer) အရ Back Hoe မောင်းနှင်စဉ်၌သာ အများဆုံးဒက်စီဘယ်လ် (Decibels) (90dB) ခန့် ရှိနိုင်ပါသည်။ ဆူညံမှုရှိသောပတ်ဝန်းကျင်တွင် အလုပ်လုပ်ချိန်သတ်မှတ်ခြင်း

(Permissible Exposure Limits for Noise) အရ လူတစ်ယောက်သည် တစ်နေ့တာတွင် (90dB) တိုင်းတာရရှိသောနေရာတွင် (၈)နာရီသာ အလုပ်လုပ်ခွင့်ပြုထားပါသည်။ ဆူညံသံကြောင့် အောက်ပါရောဂါအကြောင်းအရာများ ဖြစ်လာနိုင်ပါသည်။

၁။ ဆူညံသံကြောင့်ဖြစ်သော နားလေးရောဂါသည် အဖြစ်အများဆုံး လုပ်ငန်းခွင်ရောဂါတစ်ခုဖြစ်ပါသည်။

၂။ ဆူညံသံရှိသော ပတ်ဝန်းကျင်တွင် ကြာရှည်စွာ လုပ်ကိုင်ခြင်း၊ နေထိုင်ခြင်းဖြင့် နားလေးရောဂါဖြစ်နိုင်ပါသည်။

၃။ သွေးတိုးခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဗိုက်နာခြင်း၊ အိပ်ရေးပျက်ခြင်း၊ ခေါင်းမူးခြင်း၊ နေထိုင်မကောင်းဖြစ်ခြင်းနှင့် အခြားအနှောင့်အယှက်မျိုးစုံ ဖြစ်လာနိုင်ပါသည်။

ဆူညံသံကို အောက်ပါအချက်များဖြင့် ထိန်းချုပ်နိုင်ပါသည်။

၁။ ဆူညံသံထွက်ပေါ်လာသော ပင်မနေရာကို ထိန်းချုပ်ခြင်း

၂။ ဆူညံသံ၏ လားရာလမ်းကြောင်းကို ထိန်းချုပ်ခြင်း

၃။ ဆူညံသံလက်ခံသောနေရာ (နား)ကို ထိန်းချုပ်ခြင်း

လုပ်ကွက်အတွင်း၌ ပြုန်းစုပ်စက်၊ မီးစက်တို့ကြောင့် ထွက်ပေါ်လာမည့် ဆူညံသံမှာ အများဆုံး (90dB) ခန့်ရှိမည်ဖြစ်ပါသည်။ ထွက်ပေါ်လာမည့် ဆူညံသံအား အောက်ပါအတိုင်း ထိန်းချုပ်လျော့ချခြင်း ဆောင်ရွက်ပါမည်။

၁။ စက်ယန္တရားများအား အချိန်ပိုင်းခြား၍ မောင်းနှင်လုပ်ကိုင်စေခြင်းဖြင့် အချိန် (၈)နာရီဆက်တိုက် လုပ်ငန်းမဆောင်ရွက်စေပါ။ အလုပ်ချိန် (၈း၀၀)နာရီအတွင်း နားချိန် (၁)နာရီ ပေးထားပါသည်။

၂။ စက်ယန္တရားများတွင် အသံထိန်းကိရိယာ (Silencer) များ တပ်ဆင်ခြင်းဖြင့် ဆူညံသံ (Decibles) အား လျော့ချပါမည်။

၃။ စက်ယန္တရားမောင်းနှင်သူများနှင့် အကူလုပ်သားတို့အား နားအကာအကွယ် (Ear Cover) အဖြစ် (Ear muff) (Ear plug) များ တပ်ဆင်စေခြင်းဖြင့် ကာကွယ်ထားပါမည်။

၄။ လုပ်ကွက်အတွင်းရှိ အခြားဝန်ထမ်းများမှာ စက်ယန္တရားများနှင့် ဝေးကွာနေစေခြင်း (ဆူညံသံ၏ လားရာလမ်းကြောင်းကို ထိန်းချုပ်ခြင်း) ဖြင့် နားသို့သက်ရောက်သော ဆူညံသံအား (70dB) အောက်သို့ ရောက်ရှိစေပါမည်။

(ခ) ရေအရည်အသွေးထိခိုက်နိုင်မှုနှင့် လျော့ချခြင်းနှင့်ပတ်သက်၍ စီမံကိန်း၏ ပတ်ဝန်းကျင်အနီးတွင် ချောင်းကြီး၊ မြောင်းကြီးများမရှိ၍လည်းကောင်း၊ စီးမျောသွားစေသော ရေ၊ မြေစာများမရှိ၍လည်းကောင်း၊ ချောင်း၊ မြောင်းများ၏ ရေအရည်အသွေး အပေါ် ထိခိုက်မှုမရှိနိုင်သည့်အပြင် မြေအောက်ရေကိုလည်း လုပ်ငန်းခွင်၌ သုံးစွဲမှု မရှိ၍ မြေအောက်ရေအရည်အသွေးလည်း မထိခိုက်နိုင်ပါ။ လုပ်ကွက်မြေအောက်မှ ထွက်ရှိလာသောရေတွင် ဓာတုပစ္စည်းပါဝင်မှုတို့မှာ စွန့်ထုတ်ရည် (၂. ၇. ၂) အတွင်းသာ ရှိပါသည်။ စားဖိုဆောင်မှ ထွက်ရှိသောရေဆိုးရေဟောင်း၊ ဝန်ထမ်းသုံးစွဲပြီးရေနှင့် မိလ္လာမှထွက်ရှိသော အညစ်အကြေးများအား သီးခြားသတ်မှတ် စွန့်ပစ်နေရာများတွင် ထိန်းသိမ်းထားပါမည်။ ရေအရည်အသွေးအား (၃)လလျှင် တစ်ကြိမ် စမ်းသပ်သွားပါမည်။

(ဂ) အမှုန်အမွှားနှင့်အနံ့များ ထွက်ပေါ်ခြင်းအား လျော့ချခြင်းနှင့်ပတ်သက်၍ မြေစာသယ်ယူရာ၌ ဖုန်မှုန့်ထွက်ရှိနိုင်ခြင်းအား ရေဖြန်းခြင်းဖြင့် လျော့ချထိန်းသိမ်းသွားပါမည်။ အခြားအမှုန်အမွှားများနှင့် အနံ့ဆိုးများ ထွက်ပေါ်ခြင်းမရှိပါ။ လေအရည်အသွေးထိခိုက်မှုမရှိစေရန် ဖုန်မှုန့်ထွက်ရှိမှုအား အစဉ်ထိန်းသိမ်းသွားပါမည်။ သဘာဝလေတိုက်ခတ်နေမှုအားလည်း အဟန့်အတားမဖြစ်စေရန် ဆောင်ရွက်ပါမည်။

(ဃ) စွန့်ပစ်ပစ္စည်းအနေဖြင့်လည်း အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့များ မရှိပါ။ စီးမျောသွားစေသော ရေဆိုးများမရှိ၍ မြေတိုက်စားမှု၊ နှုန်းအနယ်ကျမှုလည်းမရှိပါ။

(င) ရွှေသတ္တုတူးဖော်ထုတ်လုပ်နိုင်ရန် တောင်ကမ္ဘားရံအား ဖောက်ထွင်းဝင်ရောက်မည့် လိုဏ်ဂူ (Adit) တူးမည့်နေရာနှင့် ပတ်ဝန်းကျင်မှအပေါ် မြေ (Over burden) ဖယ်ရှားခြင်းနှင့် ဖယ်ရှားရာမှထွက်ရှိလာသော မြေထုအားသီးခြားစုပုံထားရှိပြီး ရေစီးနှင့် မျောပါခြင်းမရှိစေရန် အတားအဆီးများ ပြုလုပ်ထားပါသည်။ ထို့အတူ အဆောက်

အဦများ ဆောက်လုပ်မည့်နေရာ အချို့နှင့် လမ်းမြေဖယ်ရှားရာမှ ထွက်ရှိလာသော မြေထုကိုလည်း သီးခြားစုပုံထားရှိပြီး မြေထိန်းနံရံများဖြင့် ထိန်းသိမ်းထားရှိပါသည်။ Under Ground Mining Method ကိုသာ အသုံးပြုခြင်းဖြစ်၍ လုပ်ကွက်အတွင်း သစ်ပင်ခြုံနွယ် ခုတ်လှဲခြင်း အနည်းငယ်သာရှိပြီး (Soil Texture) အား ထိခိုက်မှု မရှိပါ။

(စ) ရွှေသတ္တုတူးဖော်မှုကြောင့် အပေါ်ယံမြေလွှာ (Over burden) ဖယ်ရှားထားသော နေရာ၊ လုပ်ငန်းခွင်ဆောင်ရွက်သည့်နေရာများနှင့် အဆောက်အဦ ဆောက်လုပ်ထား သည့် အနီးဝန်းကျင်၌ အစားထိုးကျွန်းပင်အချို့ စိုက်ပျိုးထားပြီး စီမံကိန်းနှင့်လုပ်ငန်း ဆောင်ရွက်ပြီးစီးချိန်တွင် မြေပြင်ရှင်းလင်း၍ အပင်များပြန်လည် စိုက်ပျိုးသွား မည်ဖြစ်သဖြင့် မြေထုကို ပြန်လည်ထိန်းသိမ်းပါသည်။ (လိုအပ်ပါက မြေဩဇာဖြည့် တင်းပါမည်) မြေအရည်အသွေးအား (၆)လတစ်ကြိမ် စမ်းသပ်သွားပါမည်။

(ဆ) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းမရှိပါ။

(ဇ) ဂေဟစနစ်ဖြစ်သော တောတောင်အခြေအနေနှင့် ဇီဝမျိုးကွဲများအားယာယီ ထိခိုက်မှု အနည်းငယ်ရှိနိုင်သော်လည်း လုပ်ငန်းခွင်ပိတ်သိမ်းသည့်အခါ မြေပြင်ပြန်လည် ပြုပြင်ခြင်း၊ သစ်ပင်များပြန်လည်စိုက်ပျိုးစေခြင်း၊ သုံးစွဲပြီးရေကန်၊ ချက်ကန်များ၌ (PH) စမ်းသပ်ပြီး လိုအပ်ပါက (PH)ချိန်ညှိစေလျက် ရေသန့်ရေကန်ထားရှိခဲ့မည် ဖြစ်သောကြောင့် ဂေဟစနစ်အား ပြန်လည်ရှင်သန် ဖြစ်ထွန်းစေပါမည်။

(ဈ) စီမံကိန်းလုပ်ကွက်နှင့်အနီးဆုံးလူမှုပတ်ဝန်းကျင်မှာ (၂)မိုင်ခန့်ကွာဝေးသဖြင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုလည်း မရှိပါ။

(ည) ပြဒါးအား အပူပေးပေါင်းခံသည့်အချိန်တွင် တာဝန်ယူဆောင်ရွက်မည့် ဝန်ထမ်းအား နှာခေါင်းစည်း၊ ပါးစပ်ပိတ်၊ လက်အိတ်များဝတ်ဆင်ပြီးမှ ကိုင်တွယ်တာဝန် ထမ်းဆောင်စေပါသည်။

(ဋ) ထို့အတူ ဆိုဒီယမ်ဆိုင်ရာနိုက် ကိုင်တွယ်အသုံးပြုသူကိုလည်း နှာခေါင်းစည်း၊ ပါးစပ် ပိတ် (Mask) များ တပ်ဆင်ခြင်း၊ လက်အိတ်ဝတ်ဆင်ပြီးမှ ကိုင်တွယ်တာဝန် ထမ်းဆောင်စေပါသည်။

၉။ **ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ် (Emergency Plan)**

က။ မြေအောက်တူးဖော်ခြင်းလုပ်ငန်း(Under Ground Mining Method) ဖြစ်၍ ကြိုတင်တွက်ဆနိုင်သော ဘေးအန္တရာယ်ရှိနိုင်သည့် လုပ်ငန်းခွင်ဖြစ်ပါသဖြင့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်သူများကို ဦးဆောင်တာဝန်ယူစေပြီး လုပ်ငန်းလုပ်ရင်း လေ့ကျင့်သင်ကြားပြသပေးသွားရန် စီစဉ်ထားရှိပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လုပ်ငန်းကျွမ်းကျင်မှု သင်တန်းများပို့ချခဲ့ပါက တက်ရောက်သင်ကြားစေပါမည်။ ဆင့်ပွားသင်တန်းများ ပို့ချလျှက်ရှိပြီး ဆက်လက်ပို့ချသွားပါမည်။

ခ။ အရေးပေါ်ဘေးအန္တရာယ်ကျရောက်ပါက ကာကွယ်နိုင်ရန် အောက်ပါအတိုင်း ကြိုတင်ဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြအပ်ပါသည်။

(၁) အရေးပေါ်ဘေးအန္တရာယ်ကျရောက်ပါက အကာအကွယ်ဖြစ်စေနိုင်ရန် သတ္တုတွင်းသုံး ဦးထုပ်၊ ဖိနပ်၊ လက်အိတ်များနှင့် ထူထဲသောဝတ်စုံဝတ်ပြီးမှသာ လုပ်ငန်းခွင်ဝင်ရောက်ရန် သတ်မှတ်ညွှန်ကြားထားပြီး စောင့်ကြည့်ကြပ်မတ်ပါသည်။

(၂) မတော်တဆ ဘေးအန္တရာယ်ဖြစ်ပါက ကုသနိုင်ရေးအတွက် ရှေးဦးသူနာပြုစုရေး ကျွမ်းကျင်ဝန်ထမ်း တစ်ဦးထားရှိပြီး အရေးပေါ်သုံးစွဲနိုင်မည့် ဆေးဝါးပစ္စည်းကိရိယာများ အရန်သင့်ဆောင်ထားပါသည်။

(၃) အရေးပေါ်ဘေးအန္တရာယ်ကျရောက်ပါက ကျန်လုပ်သားများ အလျင်အမြန်သိရှိ နိုင်ရေးအချက်ပေးကိရိယာများ၊ ဆက်သွယ်ရေးကိရိယာများ ထားရှိပါသည်။

(၄) အရေးပေါ်ကုသပြီး ဆက်လက်ကုသရန် လိုအပ်ပါက အနီးဆုံးဆေးခန်းဆေးရုံသို့ ပို့ဆောင်ရန်မော်တော်ယာဉ်တစ်စီး အဆင်သင့်ထားရှိပါသည်။

(၅) အရေးပေါ်ဘေးအန္တရာယ်ကျရောက်ပါက လုပ်ကွက်ရှိအခြား ဝန်ထမ်းလုပ်သားများ အလျင်အမြန်စုစည်း၍ ကယ်တင်နိုင်ရေး ကြိုတင်သင်ကြားပြသထားပါသည်။

(၆) အရေးပေါ်ဘေးအန္တရာယ်အမှန်တကယ် ကျရောက်လာသည့်အခါ ဝန်ထမ်းလုပ်သားများ အလျင်အမြန်စုစည်း၍ ပူးပေါင်းဆောင်ရွက်ကယ်ဆယ်ပါမည်။

(၇) လိုအပ်ပါက အနီးဆုံးလုပ်ကွက်မှ အလုပ်သမားများနှင့် ကျေးရွာသားများ ခေါ်ယူ၍ ပူးပေါင်းဆောင်ရွက်သွားခြင်းများ ဆောင်ရွက်သွားပါမည်။

(၈) မီးလောင်ကျွမ်းမှု မဖြစ်ပေါ်ရေး လမ်းညွှန်မှာကြားချက်များ ၊ စည်းကမ်းချက်များ ထုတ်ပြန်ထားပြီး၊ မီးငြိမ်းသတ်ရေးအစီအစဉ်များ ဆောင်ရွက်ထားလျှက် စောင့်ကြပ်ကြည့်ရှုခြင်းအားဖြင့် အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်။ အကယ်၍မတော်တဆ မီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာပါက သစ်တောများကူးစက်လောင်ကျွမ်းမှု မရှိစေရန် လုပ်ကွက်ပတ်လည်တွင် သစ်တောဦးစီးဌာန၏ ညွှန်ကြားချက်နှင့် အညီ မီးတားလမ်းများ ဖောက်လုပ်ထားပါမည်။ မီးခိုတ်၊ မီးကပ်၊ ရေပုံး၊ ရေကန် ၊ သဲပုံးများနှင့် မီးသတ်ဆေးဗူးကြီးများ အလုံအလောက်ထားရှိပါသည်။ (၂"Ø)ရှိသော မီးသတ်ပိုက်ပျော့များနှင့် ရေမော်တာကိုလည်း အဆင်သင့်ဆောင်ရွက် ထားရှိပါသည်။

(၉) စီမံကိန်းလုပ်ငန်းခွင်တွင် အောက်ဖော်ပြပါ ယမ်းဘီလူးနှင့် ဆက်စပ်ပစ္စည်းအမျိုးအစားများအား သတ်မှတ်ဆောက်လုပ်ထားသော လုံခြုံမှုရှိသော ယာယီယမ်းတိုက်အတွင်း၌ ယမ်းဘီလူးများအား သီးခြားအခန်းဖြင့်လည်းကောင်း၊ ဆက်စပ်ပစ္စည်းဖြစ်သော ပစ္စည်းများအား သီးခြားအခန်းဖြင့် ထားသိုပြီး အဆိုပါအခန်း (၂)ခန်းကြားတွင် (Safety Layer) အခန်းလွတ် ထားရှိပါမည်။

(က၀က) Emulsion Explosive (32 mm)

(ခခ) Detonating Cord

(ဂဂ) Safety Fuse

(ဃဃ) No.8 Plain Detonator

(ယမ်းဘီလူး၀ယ်ယူဖြည့်တင်းရေးကော်မတီမှ ခွင့်ပြုချက်မရရှိသေးပါသဖြင့် ပမာဏအား ဖော်ပြနိုင်ခြင်းမရှိပါ။)

(၁၀) ယမ်းဘီလူးဖောက်ခွဲခြင်းအား မြေအောက် (Under Ground) လုပ်ကွက်၌သာ ဖောက်ခွဲခြင်းဖြစ်၍ ယမ်းဖောက်ခွဲခြင်းမပြုမီ မြေအောက်လုပ်ကွက်၌

ရှိနေသော ဝန်ထမ်းလုပ်သားများအနက်မှ ယမ်းဘီလူးကိုင်တွယ်ဖောက်ခွဲမည့်သူ၊ ကြီးကြပ်သူ၊ အကူဝန်ထမ်း (၃)ဦးမှအပ ကျန်လုပ်သားဝန်ထမ်းများအား မြေပြင်ပေါ်သို့ တက်ရောက်နေစေခြင်း။ မြေအောက်သို့ ဝင်ရောက်သူမရှိစေရန် စောင့်ကြည့်စေခြင်း။ ယမ်းဖောက်ခွဲခြင်းမပြုမီ ယမ်းဖောက်ခွဲတော့မည် ဖြစ်ကြောင်း (၅)မိနစ်ခန့် ကြိုတင်လျှက် ယမ်းခွဲမည်ဟု အော်ဟစ်သတိပေးပါသည်။ မြေအောက်လုပ်ကွက်အား အန္တရာယ်ဇုန်ဟု သတ်မှတ်ထားပြီး မလိုအပ်သူများမရှိစေရေး၊ ဝင်ရောက်မလာစေရေးစောင့်ကြည့် ကြည့်ကြပ်သူများ တာဝန်ပေးစောင့်ကြည့်စေပါမည်။

၁၀။ <u>အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း</u> (Public Consulation)

(က) ဤရွှေသတ္တုတူးဖော်ခြင်းလုပ်ကွက် စတင်လျှောက်ထားမည့်အချိန်မှစ၍ နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိ အနီးဆုံးကျေးရွာဖြစ်သည့် နောင်ချိန်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရွာသူရွာသားများအား အသိပေးသဘောတူညီချက်ရယူခဲ့သကဲ့သို့၊ ဝိုင်းမော်မြို့နယ်များမှ တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်းများ၊ ကချင်ပြည်နယ်မှသက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံ ဆိုးကျိုးသက်ရောက်မှု မရှိနိုင်ကြောင်းနှင့်ဥပဒေ၊ ည္ဆန်ကြားချက်များအား လိုက်နာလျှက် ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်ကူညီပံ့ပိုးမည့်အကြောင်း ကြိုတင်တင်ပြအစီရင်ခံ၍ သဘောတူညီချက် ရယူထားခဲ့ပြီး ဖြစ်ပါသည်။

(ခ) ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ အကြံပြုချက်၊ လိုလားတောင်းဆိုချက်များမှာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဖွင့်ပေးရန်၊ ဒေသ၏လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးများတို့တွင် ဘတ်အားသ၍ ကူညီပံ့ပိုးရန်၊ အကယ်၍ လုပ်ကွက်အနီး ဝန်းကျင်ရှိ ဥယျာဉ်၊ ခြံမြေများ ပျက်စီးခဲ့ပါက သီးနှံလျော်ကြေးငွေများ ပေးအပ်ရန်တို့ဖြစ်ပါသည်။ ထိုတောင်းဆိုချက်များအား အတတ်နိုင်ဆုံး ဆောင်ရွက်ဖြည့်ဆည်းပေးထားပြီး ဆက်လက်၍လည်း ဆောင်ရွက်ဖြည့်ဆည်းသွားပါမည်။

(ဂ) အများပြည်သူပတ်ဝန်းကျင်ကျေးရွာလူကြီးများ၊ အတွေ့အကြုံရှိသူများ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ပါသည်။ ညောင်ပင်သာကျေးရွာ၊ လိပ်ကျကျေးရွာ၊ နောင်ချိန်းကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအတွက် ဒေသခံများ၏ လိုအပ်ချက်များ ဖြည့်တင်းပေးခြင်းနှင့်အတူ ဒေသခံများအလုပ်အကိုင်ရရှိ၍ ဝင်ငွေရရှိကြခြင်းနှင့် ဒေသတွင်းလက်ရှိဖွံ့ဖြိုးရေးဆောင်ရွက်ပေးမှုများနှင့် ဆက်လက်ကူညီ ဆောင်ရွက်ပံ့ပိုးသွားမည်ကို ဒေသခံများကကျေနပ်လက်ခံကြပါသည်။

(ဃ) နောင်တွင်ဒေသခံများနှင့် ဆွေးနွေးသည့်အခါ မှတ်တမ်းများ ထားရှိ၍ ဆက်လက် တင်ပြသွားပါမည်။

၁၁။ <u>စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရံပုံငွေလျာထားချက်</u>

(Monitoring and Budget Allocation)

လုပ်ငန်းစတင်လည်ပတ်သည့် အချိန်မှစတင်၍ လုပ်ငန်းလည်ပတ်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် လုပ်ငန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရန်၊ ဖြစ်ပေါ်လာပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန် စောင့်ကြပ်ကြည့်ရှုမည့်အဖွဲ့အား အောက်ပါအတိုင်း ဖွဲ့စည်းပြီးဆောင်ရွက်သွားပါမည်။

(က) လုပ်ငန်းခွင်စောင့်ကြည့် ကြီးကြပ်မှုအဖွဲ့

၁။	ဒေါ်အာကျန်း	မန်နေဂျင်းဒါရိုက်တာ	ဥက္ကဋ္ဌ
၂။	ဦးထွန်းမြင့်ဝင်း	ဒါရိုက်တာ/ အထွေထွေမန်နေဂျာ	အတွင်းရေးမှူး
၃။	ဒေါ်လှလှဝင်း	ဒါရိုက်တာ	အဖွဲ့ဝင်
၄။	ဦးစိုးလွင်ဦး	ဘူမိဗေဒပညာရှင်	အဖွဲ့ဝင်
၅။	အုပ်ချုပ်ရေးမှူး(ညောင်ပင်သာကျေးရွာ)		အဖွဲ့ဝင်

(ခ) ယာယီစွန့်ပစ်ကျောက်တုံး၊ မြေကြီးများအား သတ်မှတ်ထားသောနေရာတွင် စနစ်တကျ စုဆောင်းထိန်းသိမ်းခြင်း ရှိ/မရှိ နေ့စဉ်စောင့်ကြည့်ညွှန်ကြားသွားပါမည်။

(ဂ) လုပ်ငန်းသုံးပြီးရေအား နှုန်းစစ်ကန်မှ ပြင်ပသို့မရောက်ရှိစေရန် နေ့စဉ်စောင့်ကြည့်သွားပါမည်။

(ဃ) ဝန်ထမ်းများသုံးစွဲပြီး စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် စနစ်တကျသတ်မှတ်ထားသောနေရာများ၌ စွန့်ပစ်ရန် နေ့စဉ်စောင့်ကြည့်ကွပ်ကဲသွားပါမည်။

(င) လုပ်ကွက်အတွင်းနှင့် ပတ်ဝန်းကျင်တွင် သစ်တောသစ်ပင်များ မလိုအပ်ဘဲ ခုတ်လှဲခြင်း၊ ပျက်စီးစေခြင်းဖြစ်သော သဘာဝပတ်ဝန်းကျင် မပျက်စီးရေး ထိန်းသိမ်းရေးအား စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့် ထိန်းသိမ်းသွားပါမည်။

(စ) ဝန်ထမ်းလုပ်သားများ လုပ်ငန်းခွင်မဝင်ရောက်မီနှင့် ဝင်ရောက်နေစဉ် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် အကာအကွယ်ဝတ်စုံ၊ ပစ္စည်းများ သုံးစွဲမှုပြည့်စုံစေရန် စောင့်ကြည့်ပါမည်။

(ဆ) ဝန်ထမ်းများနှင့် လုပ်သားများလုံခြုံစွာ နေထိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ စားသောက်ရေး၊ ကျန်းမာရေးပျော်ရွှင်ရေးများကိုလည်း နေ့စဉ်ကြီးကြပ် ဆောင်ရွက်သွားပါမည်။

(ဇ) လုပ်ကွက်အတွင်းရှိ မြေအောက်ရေ၊ နူန်းစစ်ကန်ရှိရေ အရည်အသွေးအား (၆)လ တစ်ကြိမ် စစ်ဆေးသွားပါမည်။

(ဈ) လုပ်ငန်းခွင်နှင့်တကွ ဆက်စပ်နေသော ဒေသဖွံ့ဖြိုးရေး (ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးများ) **(CSR)** ကိုလည်း လစဉ်စောင့်ကြည့် ညှိနှိုင်းဆောင်ရွက်သွားပါမည်။

(ည) စောင့်ကြပ်ကြည့်ရှုမည့် လုပ်ငန်းများအတွက် သီးသန့်ရန်ပုံငွေ သိန်း (၁၀၀)ထားရှိ သုံးစွဲသွားပါမည်။ လိုအပ်ပါက ထပ်မံစိုက်ထုတ်ကုန်ကျခံ သုံးစွဲသွားပါမည်။

၁၂။ <u>အဖွဲ့အစည်းနှင့် ရန်ပုံငွေလျှာထားချက်</u>

က။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် သုံးစွဲမည့် ခန့်မှန်းအသုံး စရိတ်အနေဖြင့် ကျပ်သိန်း (၁၀၀)လျှာထားပါသည်။

ခ။ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းမှာ အောက်ပါအတိုင်းဖွဲ့စည်းထားပါသည်။

(၁) ဒေါ်အာကျန်း - မန်နေဂျင်းဒါရိုက်တာ

(၂) ဦးထွန်းမြင့်ဝင်း - ဒါရိုက်တာ

(၃) ဒေါ်လှလှဝင်း - ဒါရိုက်တာ

(၄) ဒေါ်ထွေးထွေးဝင်း - ဒါရိုက်တာ

၁၃။ <u>Corporate Social Responsibility (CSR)</u>

၁။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးများအား အောက်ပါအတိုင်း လုပ်ငန်းအချို့ဆောင်ရွက်ထားရှိပါသည်။ လုပ်ငန်းဆောင်ရွက်ပြီးသည်အထိ ဆက်လက်၍လည်း မူဝါဒထားရှိ ဆောင်ရွက်လုပ်ဆောင် သွားပါမည်။

(က) စီမံကိန်းနှင့်အနီးကပ်ဆုံးဖြစ်သော (၂)မိုင်ခန့်ကွာဝေးသည့် ညောင်ပင်သာရွာနှင့် နောင်ချိန်းကျေးရွာအုပ်စု၏ ဒေသဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ခြင်း၊ အလှူငွေများပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) နောင်ချိန်းကျေးရွာအုပ်စု၊ နောင်မွန်းကျေးရွာ၌ ကျပ် (၁၀)သိန်းတန် မူကြို ကျောင်း ဆောက်လုပ်ပေးထားပါသည်။

(ဂ) ဒေသခံများ၏ ဆန္ဒပြုတောင်းဆိုချက်အရ ၎င်းတို့ကျေနပ်စေရန် မိမိဘာသာ မဟုတ်သော်လည်း နောင်မွန်းကျေးရွာ၌ ဘုရားရှိခိုးကျောင်းတစ်ကျောင်း ကျပ် (၁၅)သိန်းတန် ဆောက်လုပ်ပေးထားပါသည်။

(ဃ) ဆွတ်ယန်ကျေးရွာနှင့် ငွေထုကျေးရွာခြင်းဆက် မြေသားလမ်းအား ကျောက်ခင်းလမ်းဖြစ်အောင် ကူညီဆောင်ရွက်ပေးထားပါသည်။

(င) နောင်ချိန်းကျေးရွာအုပ်စု၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည် -

(၁) ကျေးရွာသောက်သုံးရေကန်များပြုလုပ်ပေးခြင်း၊

(၂) ကျေးရွာကျန်းမာရေးဆေးခန်းအတွက် လိုအပ်သည့် အကူအညီ ပံ့ပိုးပေးသွားရန် အစီအစဉ်ရှိပါသည်။

(စ) မူဝါဒနှင့်အညီ လုပ်ငန်းခွင်ရှိ ဝန်ထမ်းများ၏ လိုအပ်ချက်များပေါ် အနီးကပ် ပံ့ပိုးကူညီစောင့်ရှောက်လျက်ရှိပြီး အနီးဆုံးကျေးရွာများဖြစ်သည့် ညောင်ပင်သာ၊ နောင်ချိန်းကျေးရွာတို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် စဉ်ဆက်မပြတ် စောင့်ရှောက်ကူညီသွားမည်ဖြစ်ပါသည်။

(ဆ) ကုမ္ပဏီ၏ အထွေထွေမန်နေဂျာမှလည်း ဆရာဝန်/ကျန်းမာရေးဝန်ထမ်းတို့အားခေါ်ယူ၍ လုပ်ငန်းခွင်သို့ အခါအားလျော်စွာ သွားရောက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ပြုလုပ်ပေးပါသည်။

၂။ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လက်ရှိအချိန်ထိကျပ် **(၁၀၀၀၀၀၀၀/-)(ကျပ်သိန်းတစ်ရာ)**ခန့် ကူညီပံ့ပိုးပေးခဲ့ပြီး ဆက်လက်၍လည်း **ကျပ်(၁၀၀၀၀၀၀၀/-)(သိန်းတစ်ရာကျပ်)**ခန့် ကူညီပံ့ပိုးပေးနိုင်ရန် လျာထားသတ်မှတ်ထားပါသည်။

၁၄။ မိုင်းပိတ်သိမ်းခြင်း အစီရင်ခံစာ (Mine Closure Plan)

(က) Under Ground Mining Method ဖြင့်တူးဖော်ထုတ်လုပ်သည့်နည်းစနစ်ဖြစ်၍လိုဏ်ဂူ (Adit) တူးဖောက်နိုင်ရန်အတွက် အပေါ်ယံမြေလွှာ ဖယ်ရှားခြင်းကို တွင်းဝနှင့် ဝဲ၊ ယာ ပတ်ဝန်းကျင်တွင် ဖယ်ရှားပြီး ထွက်ရှိလာသောမြေစာ၊ ကျောက်တုံး၊ ကျောက်ခဲများအား သီးခြားစုပုံ ထိန်းသိမ်းထားပါမည်။ ဆင်းတွင်း ခိုင်ခန့်ရန်အတွက် တွင်းဝနှင့် ဘေးဘက်များတွင် အုတ်ရိုးစီခြင်း၊ ကွန်ကရိုးရံအထိန်း အခိုင်အခန့်ပြုလုပ်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် တွင်းဝပြိုကျခြင်းမရှိအောင် စီမံထားပါသည်။ (ဓာတ်ပုံဖြင့်ဖော်ပြထားပါသည်)

(ခ) လုပ်ငန်းစတင်ဆောင်ရွက်ချိန်မှစတင်၍ လုပ်ကွက်တူးဖော်ထုတ်လုပ်မည့် နေရာ၏ အနီးဝန်းကျင်မြေပြင်တွင် အပေါ်ယံမြေဆီလွှာ (Over burden) များအား ဖယ်ရှားပြီးသည့် အခါ သီးခြားသတ်မှတ်ထားသော နေရာတွင် စုပုံထားရှိပြီး ရေစီးဖြင့်မျောပါခြင်းမရှိစေရန် မြေထိန်းနံရံဖြင့် ကာကွယ်တားဆီးထားပါမည်။ မြေနေရာ ရှင်းလင်းခြင်း၊ အဆောက်အဦများ ဆောက်လုပ်ရန် မြေနေရာရှင်းလင်းခြင်းတို့မှ ထွက်ရှိလာသော မြေစာများအား သီးခြားစုပုံထားရှိပြီး မိုးရွာသည့်အခါ မျောပါမသွားစေရန် မြေထိန်းနံရံများ ပြုလုပ်ထားပါမည်။ လုပ်ငန်းပိတ်သိမ်းချိန်တွင် အဆိုပါနေရာများ၌ ဖြစ်ပေါ်လာသောကျင်းများ၊ ချိုင့်များအတွင်း ပြန်လည်ဖို့ည့်ပြီးသော မြေစာများပေါ်တွင် မူလဖယ်ရှားထားသော မြေဆီလွှာ (over burden) များ ဖုံးအုပ်၍ ဒေသနှင့်သင့်လျော်သော အပင်များပြန်လည် စိုက်ပျိုးပါမည်။

(ဂ) မြေအောက်လုပ်ကွက်အတွင်း၌ မူလစုဆောင်းထားသော ယာယီစွန့်ပစ်ကျောက်တုံးများအား (Adit နှင့် Tunnel) လိုဏ်ဂူ၊ လက်တက်များအကြွင်း၌ ကျောက်တုံးဒေါက်တိုင် (Rock Pillar) အဖြစ် ပြန်လည်ဖြည့်သွင်းသွားမည်ဖြစ်ပါသည်။ (Adit) ၏ အဝကိုလည်း သေချာစွာပြန်လည်ဖြည့်ဖို့ပြီး မြေကျွံကျခြင်း၊ မြေလွှာလျှောကျခြင်းမရှိရန် ကွန်ကရိုဖြင့် ခိုင်မာစွာ ပိတ်သိမ်းခြင်းဆောင်ရွက်ပါမည်။

(ဃ) လုပ်ငန်းပိတ်သိမ်းချိန်တွင် ကျန်ရှိမည့်နှုန်းစစ်ကန်အတွင်းမှ ရေများအား ဓာတ်ခွဲစမ်းသပ်၍ ရရှိသော အဖြေပေါ်မူတည်လျှက် ရေကောင်းရေသန့်အဖြစ် စီမံဆောင်ရွက်ပြီး မူလရေစုဆောင်းသည့် ရေကန်အားလည်း ရေအရည်အသွေးစမ်းသပ်ပြီး ရေကန်ကောင်းတစ်ခုအဖြစ် ထားရှိခဲ့မည်ဖြစ်ပါသည်။ ရေကန်များတွင် ကျန်ရှိမည့်ရေဂါလံမှာ ခန့်မှန်းအားဖြင့် မူလရေဂါလံ (၂၀၀၀၀၀)ခန့် အတိုင်းသာ ရှိနိုင်ပါသည်။

(ဇ) လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ထားသောနေရာများ၊ အဆောက်အဦ နေရာများတွင် ဖယ်ရှားထားသော မြေစာများ ပြန်လည်ဖုံးအုပ်ပြီး မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိနှင့် အရည်အသွေးအား မြေနမူနာယူ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်လည်းကောင်း၊ နားလည်တတ်ကျွမ်းသော သစ်တောဦးစီးဌာနမှ ပညာရှင်ခေါ်ယူစစ်ဆေးစေခြင်းဖြင့်လည်းကောင်း၊ စစ်ဆေးပြီး လမ်းညွှန်ချက်များအရလည်းကောင်း လိုအပ်ပါက ဓာတ်မြေဩဇာများ ဖြည့်တင်း၍ မြေအရည်အသွေး ပြန်လည်ထိန်းသိမ်းသွားပါမည်။

(စ) လုပ်ကွက်ဧရိယာအတွင်း ဆောက်လုပ်ထားသော မြေအောက်တွင် သုံးစွဲသည့်ပစ္စည်းများ၊ စက်ယန္တရားများ ဖြုတ်ယူခြင်းနှင့် အဆောက်အဦများကိုလည်း စနစ်တကျ ဖျက်သိမ်းပြီး၊ ဖျက်သိမ်းရာမှ ထွက်ရှိလာသော အတိုအစအမှိုက်များကိုလည်း သေချာစွာ ထုတ်ပိုးသိမ်းဆည်းသယ်ဆောင်သွားပါမည်။

(ဆ) (Mine Environment Control) လုပ်ငန်းဖြစ်သည့် ပတ်ဝန်းကျင် ရေ၊ မြေ၊ လေနှင့် ဇီဝမျိုးစုံသားငါးတိရိစ္ဆာန်အပါအဝင် သဘာဝသစ်တောများ မပျက်စီးစေရန် ထိန်းသိမ်းကာကွယ် ဆောင်ရွက်ခဲ့ပါမည်။ သပိတ်ကျင်းမြို့ရှိ သစ်တောဦးစီးဌာနနှင့်လည်း လုပ်ငန်းစတင်ဆောင်ရွက်သည့်အချိန်မှာပင် သစ်ပင်ပြန်လည် စိုက်ပျိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပါမည်။ သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းအား (Secondary Stage) ဖြစ်သည်အထိ ညှိနှိုင်းဆောင်ရွက်ပါမည်။ ပျိုးဥယျာဉ်လည်း ထားရှိထားပြီး အချို့နေရာများတွင် ကျွန်းပင်များ ပြန်လည်စိုက်ပျိုးထားပါသည်။

(ဇ) မိုင်းပိတ်သိမ်းခြင်းအတွက် ကုန်ကျမည့်ငွေအား ကျပ်သိန်းတစ်ရာ့ငါးဆယ် (၁၅၀၀၀၀၀၀/-) သုံးစွဲရန် ရံပုံငွေအဖြစ် လျာထားပါသည်။ အကယ်၍ ထပ်မံအကုန်အကျခံရန် လိုအပ်ပါက လုံလောက်သည်အထိ ထပ်မံသုံးစွဲသွားပါမည်။

(စျ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ခရိုင်မြို့နယ်များရှိ အာဏာပိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအား လိုက်နာလျှက် ပိတ်သိမ်းခြင်းအား ပြီးပြည့်စုံအောင် ဆောင်ရွက်သွားပါမည်။

(ည) လုပ်ကွက်ဟောင်းမြေအောက်အတွင်း၌ ပြန်လည်ဖျက်သိမ်းခြင်း၊ မြေပြင်ပေါ်ရှိ အဆောက်အဦဖျက်သိမ်းခြင်း၊ မြေဖို့ညှိခြင်းများအား အချိန်ကာလတစ်လအတွင်း

ဆောင်ရွက်မည်ဖြစ်ပြီး ဒေသပေါက်ရောက်ပင် ပျိုးပင်များပြန်လည်စိုက်ပျိုးခြင်းအား အချိန်တစ်လခန့် အချိန်ယူဆောင်ရွက်ပါမည်။ ပြန်လည်စိုက်ပျိုးသောအပင်များ ရှင်သန်ခြင်း ရှိ/မရှိ အား ရက်သတ္တုနှစ်ပတ်လျှင်တစ်ကြိမ် ပြန်လည်ကြည့်ရှု စစ်ဆေးမည်ဖြစ်ပြီး ရှင်သန်ဖြစ်ထွန်းသည်အထိ စောင့်ကြည့်ဆောင်ရွက်သွားပါမည်။ သစ်ပင်များပြန်လည်စိုက်ပျိုးရန်နှင့်ပတ်သက်၍ သစ်တောဦးစီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက် လိုက်နာဆောင်ရွက်သွားပါမည်။

(၄) လုပ်ကွက်ပိတ်သိမ်းခြင်းလုပ်ငန်းများအား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလျက် ကြည့်ကြပ်ဆောင်ရွက်သွားပါမည်။

(၁) ဒေါ်အာကျန်း - မန်နေဂျင်းဒါရိုက်တာ

(၂) ဦးထွန်းမြင့်ဝင်း - ဒါရိုက်တာ/အထွေထွေမန်နေဂျာ/အဖွဲ့ဝင်

(၃) ဒေါ်လှလှဝင်း - ဒါရိုက်တာ

(၄) ဦးစိုးလွင်ဦး - ဘူမိဗေဒပညာရှင်

(၅) ညောင်ပင်သာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ - အဖွဲ့ဝင်များ

၁၅။ နိဂုံး

၁။ လုပ်ငန်းခွင်သို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တို့ လာရောက်စစ်ဆေးသည့်အခါ၊ စစ်ဆေးပြီးချိန်၌ လမ်းညွှန်မှာကြားသတိပေးချက်များ ရေးသွင်းမှတ်သားထားနိုင်ရန် စစ်ဆေးချက်မှတ်တမ်း စာအုပ်ထားရှိသွားပြီး လိုက်နာဆောင်ရွက်သွားရန်လည်း ကတိဝန်ခံချက်ပြုပါသည်။

၂။ ဤအစီရင်ခံစာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအားလိုက်နာ၍ ရေးသားတင်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အကျိုးစီးပွား၊ မိမိတို့၏အကျိုးစီးပွား အောင်မြင်ဖြစ်ထွန်းစေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် သစ်တောဦးစီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ပေးထားသော ဥပဒေများ၊ မူဝါဒများနှင့် လမ်းညွှန်မှုများကို လိုက်နာကျင့်သုံးလျက် မှန်မှန်ကန်ကန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်၍ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးများကို အလေးထားဆောင်ရွက်သွားပါမည်။

ဤအစီရင်ခံစာ၌ မြေပုံညွှန်းများအား WGS-84 ကိုဩဒိနိတ်များဖြင့် ဖော်ပြရန်မှာ လက်ရှိသုံးစွဲနေသော GPS ကိန်းဂဏာန်းများအရ ရေးဆွဲထားသောမြေပုံများနှင့် မြေပုံမြေပြင်ချုပ်ထွေးမှုများရှိနိုင်သဖြင့် ဖော်ပြခြင်းမပြုနိုင်ခြင်းဖြစ်ပါသည်။ သယံဇာတ (သတ္တုတွင်း)နှင့် ညှိနှိုင်းပြီးသောအခါ၌ ဖော်ပြနိုင်မည်ဖြစ်ပါသည်။

ဤ (EMP) ပါ အချက်အလက်များအား ကိုယ်တိုင်ရယူစုဆောင်းပြုစုရေးသားခြင်းဖြစ်ကြောင်းနှင့် -

(က) ဤပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်သည် တိကျခိုင်မာ၍ ပြည့်စုံပါသည်။

(ခ) လုပ်ထုံးလုပ်နည်းအပါအဝင်သက်ဆိုင်ရာဥပဒေများကို တိကျစွာလိုက်နာ၍ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ရေးဆွဲထားပါသည်။

(ဂ) စီမံကိန်းသည် ပန်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချရေးလုပ်ငန်းများနှင့် အစီအစဉ်များကို အပြည့်အဝအစဉ်အမြဲ လိုက်နာဆောင်ရွက်စေမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လက်မှတ်၊ ----------

သတ္တုတူးဖော်ရေးအင်ကျင်နီယာအမည်၊ ဦးဇော်ဦး


နိုင်ငံသားစိစစ်ရေးကဒ်အမှတ် ၊ ၁၂/ရကန (နိုင်) ၀၅၃၅၉၇

ရာထူး ၊ ဒု/ ညွှန်ကြားရေးမှူး (ငြိမ်း)

နေရပ်လိပ်စာ ၊ (၂၀၄) (၄)လမ်း၊ ရွှေနံ့သာရပ်ကွက် နေပြည်တော်

ဖုန်းနံပါတ် ၊ ၀၉-၄၂၀၇၁၆၆၃၃
အထက် (EMP)ပါ ဖော်ပြပါအချက်များ မှန်ကန်ကြောင်းနှင့် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

လုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်နှင့်စွန့်ပစ်ပစ္စည်းထွက်ရှိမှု



စွန့်ပစ်အစိုင်အခဲ၊ အရည်၊ အခိုးအငွေ့ထွက်ရှိခြင်းအပေါ် ဆန်းစစ်ချက်အကျဉ်း

စဉ်	လုပ်ငန်းဆောင်ရွက်မှု	ထွက်ရှိ အစိုင်အခဲ၊ အရည်၊ အခိုး၊ အငွေ့	ထိခိုက်နိုင်မှု	ထိခိုက်မှုပမာဏ	လျော့ချမည့်နည်းလမ်း	လျော့ချမည့်နည်းလမ်းများကို ဆောင်ရွက်မည့်အစီအစဉ်
၁။	အပေါ်ယံမြေဖယ်ရှားခြင်း	မြေကြီး၊ ကျောက်ခဲ	ယာယီ	အနည်းငယ်	လိုအပ်သည်ထက်မပိုစေခြင်း၊ စီးမျောခြင်းမရှိရန်ထိန်းသိမ်းခြင်း	တူးဖော်ပြီးနေရာများတွင် ပြန်လည်ဖြည့်ဖို့ခြင်း၊ မြေထိန်းနံရံများဖြင့် ထိန်းသိမ်းခြင်း
၂။	မြေအောက်မှထုတ်လုပ်မှု	ကျောက်တုံးများ မြေကြီးအချို့	ယာယီ	အနည်းငယ်	ယာယီထိန်းသိမ်းခြင်း	မြေအောက်တူးဖော်ပြီး နေရာများတွင် Rock Piller အဖြစ် ပြန်လည်ဒေါက်ထောက်ခြင်း (Back Filling)
၃။	အင်ဝိုင်းကန်တွင် ရွှေသတ္တုဖမ်းယူခြင်း	နုန်းမြေစာနှင့်ရေ	ယာယီ	အနည်းငယ်	ယာယီထိန်းသိမ်းပြီး ချက်ကန်သို့ ပို့ခြင်း၊ ရေကို ပြန်လည်သုံးစွဲခြင်း	အင်ဝိုင်းဖြင့် ရေကန်တွင် ကျန်ရှိသော နုန်းမြေစာအား ချက်ကန်သို့ သယ်ပို့ရွှေ့ပြောင်းခြင်း၊ ရေကြည်ခံ၍ ပြန်လည်သုံးစွဲခြင်း
၄။	ချက်ကန်အတွင်း ရွှေသတ္တုဖမ်းယူခြင်း	နုန်းမြေစာနှင့်ရေ	ယာယီ	အနည်းငယ်	ပြင်ပသို့ မရောက်ရှိစေခြင်း၊ ရေကို ရေသန့်ဖြစ်စေခြင်း	ဆိုင်ယာနိုက်ပါဝင်မှုအား မာတုပစ္စည်းဖြင့် မာတ်ပြုလျော့ချခြင်း

ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့်လုပ်ကွက်အတွင်း ထိခိုက်မှုအခြေပြဇယား (၁)			
စဉ်	ထိခိုက်မှုအမျိုးအစား	ထွက်ရှိမည့်အရင်းအမြစ်	လျှော့ချမည့်နည်းလမ်း
၁	ဆူညံသံ - ဆူညံသံနှင့်တုန်ခါမှု	လုပ်ငန်းခွင်အတွင်း၌သာ အနည်းငယ်ရှိ	နားအကာအကွယ်များနှင့် အသံလုံစနစ်များတပ်ဆင်အသုံးပြု ပါမည်။
၂	ရေအရည်အသွေး -မြေပေါ်ရေအရည်အသွေး -မြေအောက်ရေအရည်အသွေး	ထိခိုက်မှုမရှိပါ မြေအောက်ရေအရင်းအမြစ်	မရှိပါ မရှိပါ
၃	လေအရည်အသွေး -အမှုန်အမွှား -အန္တ.	ဖုန်မှုန့်အနည်းငယ်ရှိ မရှိပါ	ရေဖြန်းခြင်းဖြင့်ကာကွယ်မည် မရှိပါ
၄	စွန့်ပစ်ပစ္စည်း - အစိုင်အခဲ - အရည် / ရေ - အခိုးငွေ့	မြေကြီး၊ မြေစာ၊ ကျောက်တုံး အရည်မရှိ/ ရေသာရှိ မရှိပါ	ယာယီထားရှိပြီးလုပ်ကွက်အတွင်း ပြန်လည်ဖို့သွားပါမည်။ Recycle အသုံးပြုခြင်း၊ရေသန့်ကန်အဖြစ် ပြန်လည်ထားရှိခြင်း မရှိပါ
၅	မြေထုညစ်ညမ်းမှု - သတ္တုတွင်းတူးဖော်ခြင်း	ယာယီအနည်းငယ်ရှိ	တူးဖော်ပြီးချိန်တွင် ပြန်လည်ပြုပြင်ပေးပါမည်။
၆	ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း - စားကြွင်းစားကျန်များ - ရောဂါဖြစ်ပွားမှု - ဓာတုပစ္စည်းသုံးစွဲမှု - ဓာတ်ငွေ့များထွက်ရှိမှု	ထိခိုက်မှုအနည်းရှိ မရှိပါ ထိခိုက်မှုအနည်းငယ်ရှိနိုင် မရှိပါ	တွင်းတူး၍ စနစ်တကျစွန့်ပစ်ပါမည် မရှိပါ အကာအကွယ်ပစ္စည်းများသုံးစွဲစေပါမည် မရှိပါ
၇	ဂေဟစနစ် - တောတောင်အခြေအနေ - ဇီဝမျိုးကွဲများအခြေအနေ	အနည်းငယ်ရှိ အနည်းငယ်ရှိ	သစ်ပင်များအား လိုအပ်သည့်နေရာ၌ ဖယ်ရှားမိမည် ပြန်လည်စိုက်ပျိုးပါမည်။ အမဲလိုက်ခြင်းမပြုလုပ်ရန် တားမြစ်ထားပါမည်။
၈	လူမှုဝန်းကျင်ထိခိုက်မှု	မရှိနိုင်ပါ	မရှိပါ
၉	ဒေသတွင်းကျန်းမာရေးထိခိုက်မှု	မရှိနိုင်ပါ	မရှိပါ

ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် ထိခိုက်နိုင်မှု
အဆင့်အတန်းနှင့် ပမာဏသတ်မှတ်ခြင်းဇယား (၂)

စဉ်	ထိခိုက်မှုအမျိုးအစား	ထိခိုက်မှုအဆင့်အတန်း	ထိခိုက်မှုပမာဏ
၁	ဆူညံသံ	လုပ်ကွက်အတွင်း အနည်းငယ်ထိခိုက်	တခါတရံဖြစ်
၂	ရေအရည်အသွေး	လုပ်ကွက်အတွင်း အနည်းငယ်ထိခိုက်	ဖြစ်ရန်ခက်ခဲ
၃	လေအရည်အသွေး	လုပ်ကွက်အတွင်း အနည်းငယ်ထိခိုက်	ဖြစ်ရန်ခက်ခဲ
၄	စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု	ကောင်းမွန်သည်	မရှိပါ
၅	မြေထုညစ်ညမ်းမှု	လုပ်ကွက်အတွင်း အနည်းငယ်ထိခိုက်	ဖြစ်ရန်ခက်ခဲ
၆	ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	ကောင်းမွန်သည်	မရှိပါ
၇	ဂေဟစနစ်	အနည်းငယ်ထိခိုက်	တခါတရံဖြစ်
၈	လူမှုဝန်းကျင်ထိခိုက်မှု	မရှိပါ	ဖြစ်ရန်ခက်ခဲ
၉	ကျန်းမာရေးထိခိုက်နိုင်မှု	မရှိပါ	ဖြစ်ရန်ခက်ခဲ
၁၀	ဇီဝမျိုးကွဲထိခိုက်နိုင်မှု	အနည်းငယ်ထိခိုက်	တခါတရံဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ဝန်ကြီးချုပ်
ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ ဝဝ၅၆/ ၂၀၁၅ (သက်တမ်းတိုး) ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်။

အောက်ဖော်ပြပါ အဖွဲ့အစည်းအား မြန်မာ့သတ္တုတွင်းဥပဒေအရ အောက်ပါအချက်အလက်များနှင့်အညီ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုလိုက်သည် -

၁။ ခွင့်ပြုမိန့်ရရှိသူ၏

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်-

(ခ) အဖွဲ့အစည်းအမည်နှင့် - ရွှေစွန်သိုက်ကုမ္ပဏီလီမိတက်

အဖွဲ့အစည်းမှတ်ပုံတင်အမှတ် - ၁၅၁/ ၂၀၁၃-၂၀၁၄

(ဂ) ဆက်သွယ်ရန်နေရပ်လိပ်စာ - အမှတ်(၄၃၃) ၊ နယ်မြေ(၉) ၊ မြေမြင့်ရပ်ကွက်၊ တယ်လီဖုန်းအမှတ်၊ ဖက်(စ်) အမှတ် မြစ်ကြီးနားမြို့ ၊ ကချင်ပြည်နယ်

တဲလက်(စ်) အမှတ် - ဖုန်း - ၀၉၄၇၀၃၉၉၉၆၊ ၀၇၄-၂၁၃၃၅

၂။ ခွင့်ပြုဧရိယာ၏

(က) တည်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး) - ရွှေလုပ်ကွက်(KWM -109)၊ နောင်ချိန်းကျေးရွာအုပ်စု ၊ ဝိုင်းမော်မြို့နယ် ၊ ကချင်ပြည်နယ်

(ခ) အကျယ်အဝန်း (စတုရန်းကီလိုမီတာ) - ၂၀ ဧက (၀.၀၈၀၉ - စတုရန်းကီလိုမီတာ)

(ဂ) နယ်နိမိတ်သတ်မှတ်ချက် - မြေပုံညွှန်း၊ ၉၂ ဂျီ/၁၀ (၂၉၁၆၆၉၊ ၂၉၄၆၆၉၊ ၂၉၂၆၇၅၊ ၂၉၁၆၇၄) (ခွင့်ပြုမိန့်အမှတ်၊ ဝဝ၅၆/ ၂၀၁၅ တွင် ပူးတွဲပါ မြေပုံအကျယ်အဝန်းအတိုင်း)

၃။ ခွင့်ပြုဧရိယာ၏နယ်မြေ - ဝိုင်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်း -

၄။ တစ်ဆင့်သွားလာဝင်ထွက်ခွင့် - ဝိုင်းမော်မြို့နယ်

၅။ ခွင့်ပြုသည့်ဓာတ်သတ္တုအမျိုးအစား - ရွှေသတ္တု

၆။ ခွင့်ပြုသည့်ဓာတ်သတ္တုတူးဖော်မှုနှင့် ဆင့်တက်ပြုပြင်မှုနည်းစနစ် - ဟင်းလင်းဖွင့်တူးဖော်ခြင်း၊ မြေအောက်တူးဖောက်ခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှသဘောတူခွင့်ပြုသောနည်းစနစ်နှင့် မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၂(ည)ပါအတိုင်း

၇။ ခွင့်ပြုသက်တမ်းကာလ - ပထမအကြိမ်သက်တမ်းတိုး (၁) နှစ်

၈။ စတင်လုပ်ကိုင်ခွင့်ပြုသည့်ရက်စွဲ - ၁၁ . ၂ . ၂၀၁၆

၉။ ခွင့်ပြုမိန့်ကုန်ဆုံးသည့်ရက်စွဲ - ၁၀ . ၂ .၂၀၁၇

၁၀။ ပုံသေမြေငှားရမ်းခ (Dead Rent) - တစ်စတုရန်းကီလိုမီတာလျှင်တစ်နှစ် ၆၀၀၀၀၀/ နှုန်းပေးဆောင်ရန်

၁၁။ ဓာတ်သတ္တုခွန် - ၅ %

၁၂။ စည်းကမ်းချက်များ - တစ်ဖက်ပါစည်းကမ်းချက်များကိုတိကျစွာလိုက်နာရမည်။

၁၁ ၁၁ ၂၀၁၆ ၅ ၁၂ ၂၀၁၆

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သန်းထွန်းအောင်၊ဒုတိယဝန်ကြီး)

SHWE SUNE THAIKE COMPANY LIMITED
ရွှေစန်သိုက် ဓါတ်သတ္တုကုမ္ပဏီလီမိတက်
No - 433, Bloc (9) , Myay Myint Quarter , Myitkyina Township , Kachin State
Tel - 0947039796 , 0943164546 , 074-21735

ကတိဝန်ခံချက်

စီမံကိန်းဆောင်ရွက်ရာ၌ စီမံကိန်း၏ချမှတ်ထားသော မူဝါဒအားဖြင့် အချက် (၇)ချက် တင်ပြထားပါသည်။ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၁၉၉၄)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)
- ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ (၂၀၁၄)
- ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (၂၀၁၅)
- မြန်မာ့သတ္တုတွင်းဥပဒေနှင့် ပြင်ဆင်သည့်ဥပဒေ (၂၀၁၅)
- မြန်မာ့သတ္တုတွင်းနည်းဥပဒေ
- မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်နည်းဥပဒေ
- အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅)
- ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ (၂၀၁၆)
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ (၂၀၁၆)
- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ (၂၀၁၃)
- သစ်တောဥပဒေ (၂၀၁၈)
- တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေ (၁၉၉၄)
- အလုပ်သမားအဖွဲ့အစည်းဥပဒေ (၂၀၁၁)
- လူမှုဖူလုံရေးဥပဒေ (၂၀၁၂)
- အနည်းဆုံးအခကြေးငွေဥပဒေ (၂၀၁၃)
- ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ (၂၀၁၈)

- အလုပ်သမားလျော်ကြေးငွေအက်ဥပဒေ (၁၉၅၁)
- ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂)
- မြေအောက်ရေအက်ဥပဒေ (၁၉၃၀)
- သတ္တုကဏ္ဍဆိုင်ရာစီမံကိန်းများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (၂၀၁၆)
- The Emergency Provision Act (1950)
- မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ (၁၉၁၄)
- အမျိုးသားရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (၂၀၁၈)

အစီရင်ခံစာတွင်ပါရှိသော ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဖြစ်သော အောက်ပါအချက်အလက်များအား အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

(က) ဆူညံသံထွက်ပေါ်မှုအား

၁။ စက်ယန္တရားများအား (90dB) ခန့်ရှိစေနိုင်သောနေရာများတွင် အလုပ်ချိန် (၈)နာရီ တဆက်တည်းမလုပ်ဆောင်စေခြင်း

၂။ စက်ယန္တရားများတွင် အသံထိန်းကိရိယာများတပ်ဆင်ခြင်း

၃။ စက်ယန္တရားမောင်းနှင်သူနှင့် အကူလုပ်သားများအား နားအကာအကွယ် (Ear Cover)များ တပ်ဆင်စေခြင်း

၄။ မြေသယ်ယာဉ်တစ်စီးနှင့်တစ်စီး အချိန်(၁၀)မိနစ်ခွာ၍ မောင်းစေခြင်း

၅။ အခြားလုပ်သားများအား စက်ယန္တရားကြီးများနှင့် အဝေးဌိနေစေခြင်း

(ခ) ရေအရည်အသွေးလျော့ကျခြင်းအား

၁။ အင်ဝိုင်းကန်များတွင် ပြဒါးပါဝင်နေမှုအား အဝတ်ဖြင့်စစ်၍ ပြဒါးပြန်လည်ရယူဖယ်ရှားခြင်း

၂။ ဝန်ထမ်းများသုံးစွဲပြီးရေနှင့် မိလ္လာရေများအား (Concrete Waste Tank) များဖြင့် ထိန်းသိမ်းခြင်း

SHWE SUNE THAIKE COMPANY LIMITED
ရွှေစွန်သိုက် ခါတ်သတ္ထုကုမ္ပဏီလီမိတက်
No - 433, Bloc (9) , Myay Myint Quarter , Myitkyina Township , Kachin State
Tel - 0947039796 , 0943164546 , 074-21735

(ဂ) လေအရည်အသွေး လေထုညစ်ညမ်းခြင်းအား
မျောမီးနှင့်မျောစင်တွင် အဝတ်စများ ကာရံထားခြင်း

(ဃ) မြေကြီးအရည်အသွေးလျော့ကျမှုအား
၁။ မြေကြီးနမူနာ (၆)လတစ်ကြိမ်ယူ၍ မြေဩဇာဖြည့်တင်းခြင်း
၂။ ယာယီဖယ်ရှားထားသော မြေကြီးများအား မြေထိန်းနံရံပြုလုပ် ထိန်းသိမ်းခြင်း

(င) လျော့ကျနေသော ဂေဟစနစ်အား
၁။ သစ်ပင်များပြန်လည်စိုက်ပျိုးခြင်း
၂။ ရေသန့်ရေကန်ကောင်းများပြန်လည်ထားရှိပေးခြင်း

အထက်ပါစီမံကိန်း၏ မူဝါဒ(၇)ချက်၊ ဥပဒေ၊ နည်းဥပဒေ (၂၂)ချက် နှင့် ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များပါ အချက်များအား သိရှိလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

ဦးဇော်ဦး. . . . ၏
ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည်. . . . . ဦးဇော်ဦး

၂။ အဘအမည်. . . . . ဦးမောဝ်မောင်ဦး

၃။ အမျိုးသားမှတ်ပုံတင်အမှတ်. . . . . ၁၂/ရကန (နိုင်) ၀၅၃၅၉၇

၄။ အသက်. . . . . (၂၄. ၇. ၁၉၄၉) (၆၉)နှစ်

၅။ မွေးဖွားရာဒေသ. . . . . ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၆။ ပညာအရည်အချင်း. . . . . A.G.T.I (Mining) - (1971)

၇။ အလုပ်အကိုင်. . . . . ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ သတ္တုတွင်းဦးစီးဌာန

၈။ ဇနီးအမည်. . . . . ဒေါ်တင်တင်ဝင်း (B.E con,D.A,R.L)

၉။ လုပ်ငန်းအတွေ့အကြုံ

(က) ဟာမြင်းကြီးသတ္တုတွင်းစီမံကိန်း (Under Ground Mining) - (1973 - 1975)

(ခ) ရတနာပုံသတ္တုတွင်းစီမံကိန်း (Open Cut Mining) - (1975 -1979)

(ဂ) ကံပေါက်သတ္တုတွင်းစီမံကိန်း (Open Pit Mining) (Gravel Pump) - (1979 - 1982)

(ဃ) အခြားသတ္တုတွင်းများစီမံကိန်း (ထားဝယ်) - (1982 - 1983)

(ပိဿာစားလုပ်ကွက်များတာဝန်ခံ)

(င) ကျောက်မဲတောင်သတ္တုတွင်းစီမံကိန်း - (1983 - 1985)

(Open Cut Mining) (Gravel Pump)

(စ) ခဲမဖြူ/အဖြူကိန်းသတ္တုစင်စက်ရုံ (ထားဝယ်) - (1985 - 1989)

(ဆ) သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးရုံး - (1989 - 2004)

(ယမ်းတိုက်များ၊ လောင်စာဆီသိုလှောင်ကန်များ
သတ္တုတွင်းများတွင်မတော်တဆထိခိုက်မှုများ၊
စီမံကိန်းစတိုများစစ်ဆေးခြင်း

(ဇ) အချက်အလက်နှင့် စာရင်းအင်းဌာန ဌာနခွဲမှူး - (2005-2009)

၁၀။ ဆက်သွယ်ရန်လိပ်စာ - အမှတ်(၂၀၄)-၄-လမ်း
ရွှေနှံသာရုပ်ကွက်၊ ဥတ္တရသီရိမြို့နယ်
နေပြည်တော်။
ဖုန်းနံပါတ် - ၀၉-၄၂၀၇၁၀၆၃၃

THE REVOLUTIONARY GOVERNMENT OF THE UNION OF BURMA

DIRECTORATE OF TECHNICAL EDUCATION

GOVERNMENT TECHNICAL INSTITUTE, KALAW

Associateship of Government Technical Institute

This is to certify that Maung Zaw Oo ~~son~~/~~daughter~~ of U Mg Mg Oo has completed the Three-Year Course of study in the Mining Engineering Course with the undermentioned subjects at the

Government Technical Institute, Kalaw

and passed the final examination in Sept 1971:

~~He~~/~~She~~ has therefore been duly admitted as an

Associate of Government Technical Institute

His/Her registered date of birth is 24th July 1949

List of Subjects taken were as follows :—

1. Chemical Analysis of Ores
2. Engineering Materials
3. Engineering Drawing
4. Electrotechnology
5. Fire Assaying
6. Geology
7. Hydraulics
8. Mining Methods
9. Mine Plant
10. Mine Surveying
11. Mine Foremanship & Safety
12. Mine Ventilation & Support
13. Metallurgy
14. Mine Engineering Laboratory

Director
Technical Education,
Burma.

Principal,
Government Technical Institute,
Kalaw.